တော်လှန်ဝိုး

ပြည်သူ့ဒီမိုကရေစီ
အာဏာရှင်စနစ်

လွင်ဝေမောင်
မြန်မာပြန်ဆိုသည်

10.5.08

မော်စီတုံး

ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်

လွှင်မောင် မြန်မာပြန်ဆိုသည်

၁၉၆၆-ခုနှစ်

ကလောင်ပျံစာအုပ်တိုက်
ရန်ကုန်မြို့။

“ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်” ဟူသော စာအုပ်မှာ ပီကင်းမြို့ ပြည်သူ့စာပေ ထုတ်ဝေရေးဌာနမှ ၁၉၆၀ ခုနှစ် စက်တင်ဘာလတွင် ပုံနှိပ်ထုတ်ဝေသော “မော်စီတုံး လက်ရွေးစင်ကျမ်း” အတွဲ ၄ တွင်ပါရှိသော စာမူကို ဘာသာပြန်ဆိုခြင်း ဖြစ်ပါသည်။

ထုတ်ဝေသူ။ ဦးဘကိုး မြ(၀၄၁၄)
ကလောင်ပျံစာအုပ်တိုက်
အမှတ် ၂၃၀-အနော်ရထာလမ်း
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးထွန်းရှိန် (မြ ၀၀၄၅)
ဇွဲစာပုံနှိပ်တိုက်
အမှတ်-၁၇၂ – ၃၃-လမ်း
ရန်ကုန်မြို့။

ထုတ်ဝေသူ၏အမှာ

ဤ"ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်"ဟူသော စာတမ်းကို တရုပ်ပြည်ကွန်မြူနစ်ပါတီ (၂၈)နှစ်မြောက် အထိမ်းအမှတ်အတွက် ၁၉၄၉-ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ရဲဘော် မော်စီတုံး ရေးသားခြင်းဖြစ်ပါသည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီမှတို

မော်စီတုံးလက်ရွေးစင်ကျမ်း ထုတ်ဝေရေးကော်မတီ။

၁၉၄၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့သည်ကား ဘဝတရပ်ကို ဖော်ပြသည့်နေ့ပင်တည်း၊ တရုပ်ပြည် ကွန်မြူနစ်ပါတီသည် (၂၈)နှစ်သော ခရီးတာကို ဖြတ်ကျော်ခဲ့လေပြီ၊ လူတယောက် ကဲ့သို့ပင် ၎င်းသည် နုနယ်ချိန်၊ ပျိုမြစ်ချိန်၊ သန်မာချိန်နှင့် အိုမင်းချိန်များရှိ၏၊ တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ခလေး အရွယ်မဟုတ်တော့ချေ၊ အသက် ၁၄-၅ နှစ် လူငယ်အရွယ်လည်း မဟုတ်တော့ဘဲ လူလားမြောက်ခဲ့ပေပြီ။ လူတယောက်သည် အိုမင်းလာပြီးလျှင်သေဆုံးရ၏။ ပါတီတခုအဖို့လည်း ဤအတိုင်းပင် ဖြစ်သည်။ လူတန်းစားများ ကင်းရှင်းပပျောက်သွား သောအခါ၌ လူတန်းစားတိုက်ပွဲ၏ တံဆာပလာဖြစ်သော နိုင်ငံရေးပါတီနှင့် နိုင်ငံစက်ယန္တရားများအစရှိသည့် အရာအားလုံးသည် အသုံးမဝင် မလိုအပ်တော့သဖြင့် တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မည်။ မိမိ၏ သမိုင်းပေး တာဝန်ဝတ္တရားများကို အဆုံးသတ်ကာ ယခု ထက်ပို၍ အတန်းမြင့်သော လူလောကသို့ တက်လှမ်းသွားကြ လိမ့်မည်ဖြစ်ပေ၏။ ကျွန်ုပ်တို့သည် ဓနရှင်လူတန်းစား ပါတီများ နှင့် ပြောင်းပြန်ဖြစ်၏။ သူတို့သည် လူတန်းစားပပျောက်ရေး၊ နိုင်ငံအစိုးရအာဏာပပျောက်ရေးနှင့် ပါတီပပျောက်ရေးဟူသည် တို့ကို မပြောဝံ့ကြချေ။ ယင်းအရာအားလုံး ပပျောက်စေရေး အတွက် အချက်အလက်များ ဖန်တီးလုပ်ဆောင်၍ ကြိုးစားကာ တိုက်ပွဲဆင်နွှဲနေကြောင်းကို ကျွန်ုပ်တို့ကတော့ အတိအလင်း ကျေညာခဲ့သည်၊ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် ပြည်သူ့ အာဏာရှင်စနစ်၏ နိုင်ငံအစိုးရ အာဏာမှာ ဤသို့သော အချက် အလက်များပင် ဖြစ်လေသည်။ ဤအမှန်တရားကို အသိအမှတ် မပြုလျှင် ကွန်မြူနစ်ပါတီ မဟုတ်ပေ။ မာ့က်စ်လီနင်ဝါဒကို

မလေ့လာဘူးသော ပါတီဝင်ခါစ လူငယ်ရဲဘော်တို့သည် ဤအမှန်တရားကို နားမလည်ကြသေးဘဲ ရှိကောင်းရှိနေပေလိမ့်မည်၊ သူတို့သည် ဤအမှန်တရားကို နားလည်ရမည်၊ သို့မှသာလျှင် သူတို့မှာ မှန်ကန်သော ကမ္ဘာ့အမြင်ရှိနိုင်မည်၊ လူတန်းစား နိုင်ငံအစိုးရအာဏာနှင့် ပါတီကိုပပျောက်စေရေး လမ်းအတိုင်း လူသားတရပ်လုံးချီတက်ရမည်၊ ပြဿနာမှာ အချိန်ကာလနှင့်အခြေအနေများသာလျှင် ဖြစ်သည်ဆိုသည်ကို သူတို့နားလည်ထားရမည်၊ ကမ္ဘာတဝှမ်းလုံးရှိ ကွန်မြူနစ်များသည် နေရှင် လူတန်းစားများထက် စွမ်းရည်ထက်သည်၊ သူတို့သည် အရာဝတ္ထုတို့၏ တည်နေမှုနှင့် ဖြစ်ပွါးမှု တရားများကိုနားလည်သည်၊ သူတို့သည် အနုပဋိလောမနည်းကို တတ်ကျွမ်းနားလည်ပြီး အနာဂတ်ကို ကြိုတင်ရှုမြင်ကြ၏၊ ဤအမှန်တရားကို မနေရှင်လူတန်းစားတို့ မလိုလားကြသည့်အကြောင်းမှာ ပြည်သူတို့၏ တွန်းလှန်ဖြိုလှဲခြင်းကို သူတို့မခံလိုသောကြောင့်ပင် ဖြစ်ပေသည်၊ ဥပမာဆိုသော် မျက်မှောက်အချိန်တွင် ကူမင်တန် ဖေါက်ပြန်ရေးသမားတို့သည် ကျွန်ုပ်တို့၏ တွန်းလှန်ဖြိုဖျက်ခြင်းကိုခံရသည်၊ လွန်ခဲ့သည့်အချိန်က ဂျပန်နယ်ချဲ့သမားတို့သည် ကျွန်ုပ်တို့နှင့် နိုင်ငံအသီးသီးမှ ပြည်သူများ၏ တွန်းလှန်ဖြိုချခြင်းကို ခံခဲ့ရပေသည်၊ တွန်းလှန်ဖြိုဖျက်ခြင်း ခံခဲ့ရသူများအဖို့ နာကျည်းလှသည်၊ မစဉ်းစားဝံ့လောက်အောင်ဖြစ်ကြသည်၊ အလုပ်သမားလူတန်းစား လုပ်သားလူတုတွေနှင့် ကွန်မြူနစ်ပါတီများအဖို့ တွန်းလှန်ဖြိုဖျက်ခြင်းခံရမည့် ပြဿနာမဟုတ်ဘဲ၊ လူတန်းစားနိုင်ငံ အစိုးရအာဏာနှင့် နိုင်ငံရေးပါတီများ သဘာဝကျကျ ပပျောက်သွားအောင် လူသားတို့အား ကမ္ဘာ့ဘုံလောက (၁) အတွင်းသို့

ရောက်ရှိသွားအောင် အချက်အလက်များဖန်တီးရန် အားထုတ်ဆောင်ရွက်ရမည်ဖြစ်သည်၊ အောက်ပါ ပြဿနာများကို ရှင်းလင်းပြောပြရန်အတွက် လူသားတို့ တိုးတက်သည့် အဝေးမြင်ကွင်းကို ကျွန်ုပ်တို့ အခွင့်ကြုံ၍ ပြောပြလိုသည်။

ကျွန်ုပ်တို့ပါတီသည် (၂၈)နှစ်ကာလတာကို ဖြတ်သန်းလာခဲ့သည်၊ အားလုံးသိကြသည့်အတိုင်းပင် ဤအချိန်ကာလများကို ချောမွေ့ချောမောစွာ ဖြတ်သန်းလာခဲ့သည်မဟုတ်၊ ကျဉ်းကြပ်ခက်ခဲသော ပတ်ဝန်းကျင်များထဲမှ ဖြတ်ကျော်လာခဲ့ရသည်၊ ကျွန်ုပ်တို့သည် ပြည်တွင်းပြည်ပရန်သူ ပါတီတွင်း ပါတီပ ရန်သူများနှင့် တိုက်ပွဲဆင်နွှဲခဲ့ကြရသည်၊ ကျွန်ုပ်တို့ကို လက်နက်များပေးအပ်ကြသည့် မာ့က်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင်တို့အား ကျေးဇူးတင်ပါသည်၊ သူတို့ပေးသည့်လက်နက်မှာ စက်သေနတ်မဟုတ် မာ့က်စ်လီနင်ဝါဒပင်ဖြစ်သည်။

၁၉၂၀ ခုနှစ်က “ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းမှ “လက်ဝဲ”ဂိုဏ်းသူငယ်နာ”ဟူသော စာအုပ်ထဲတွင် ရုရှားအမျိုးသားများ တော်လှန်ရေးသဘောတရားကို ရှာဖွေခဲ့ကြသည့် ဖြစ်စဉ်များကို လီနင်ရေးသားဖော်ပြခဲ့သည်၊ (၂) ရုရှားအမျိုးသားတို့သည် အခက်အခဲနှင့် ဆင်းရဲဒုက္ခအမျိုးမျိုးကို နှစ်-ဆယ်ပေါင်းအချိန်တိုင် ခံစားခဲ့ရပြီးမှ မာ့က်စ်ဝါဒကို ရှာတွေ့ခဲ့ကြသည်၊ တရုတ်ပြည်၏ကိစ္စ အမြောက်အမြားသည် အောက်တိုဘာတော်လှန်ရေးမတိုင်မီက ရုရှားပြည် အခြေအနေနှင့် တူညီချက်ရှိသည်၊ သို့မဟုတ် ဆင်တူယိုးမှားရှိသည်၊ ပဒေသရာဇ်စနစ်၏ ဖိနှိပ်မှုခံခဲ့ရခြင်းမှာ တူညီသည်၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့

ခေတ်နောက်ကျခဲ့ခြင်းမှာ ဆင်တူယိုးမှား ဖြစ်သည်၊ နှစ်နိုင်ငံ စလုံးပင် ခေတ်နောက်ကျသည်၊ တရုတ်ပြည်က ပို၍ ခေတ်နောက်ကျသေးသည်၊ တိုင်းပြည် ပြန်လည် ထွန်းကားလာစေရန်အတွက် တိုးတက်သူများအနေဖြင့် ဆင်းရဲဒုက္ခများကိုအမှုမထားဘဲ ကြိုးပမ်းအားထုတ်ပြီး တော်လှန်ရေး အမှန်တရားကို ရှာဖွေခဲ့ကြခြင်းမှာ နှစ်နိုင်ငံစလုံးပင်တူညီကြပေသည်။

၁၈၄၀ခုနှစ်၊ ဘိန်းစစ်ပွဲ (၃) ဆုံးရှုံးသည့် အချိန်မှစ၍ တိုးတက်သည့် တရုတ်အမျိုးသားတို့သည် ဆင်းရဲဒုက္ခများ မရေမတွက်နိုင်လောက်အောင်ခံပြီး၊ အနောက်နိုင်ငံများမှ အမှန်တရားကို ရှာဖွေခဲ့ကြသည့်။ ဟုန်ရှုချန် (၄) ခန်ယူဝေ (၅)ယန်ဖူ (၆)နှင့် ဆွန်ယက်ဆင်တို့သည် တရုတ်ပြည်ကွန်မြူနစ်ပါတီ မပေါ်ကဖွားမီက အနောက်တိုင်း နိုင်ငံများမှ အမှန်တရားကို ရှာယူခဲ့ကြသည့် လူတစု၏ ကိုယ်စားလှယ်များဖြစ်သည်၊ ထိုအခါကတိုးတက်ရန် အကြောင်းကို ရှာဖွေကြသည့် တရုတ်တို့သည် အနောက်တိုင်း၏ တရားနည်းလမ်းသစ်ပါရှိသော စာအုပ်မှန်သမျှကိုဖတ်ကြသည်။ ဂျပန်၊အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နှင့် ဂျာမဏီပြည် များသို့ ပညာသင်ရန် စေလွှတ်သည့် ကျောင်းသားအရေအတွက်မှာအံ့သြဖွယ်ရာကောင်းအောင် များပြားခဲ့၏။ ပြည်တွင်း၌စာမေးပွဲ စံနစ်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းများကို ဖွင့်လှစ်ကြသည်မှာ မိုးဦးကျ-မှို များထလာသလို များပြားလှပြီး၊ အနောက်တိုင်း ပညာများကို ကြိုးစားလေ့လာ ကြလေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ငယ်ရွယ်စဉ်က ဤအရာများကို ဆည်းပူးလေ့လာခဲ့သည်။ ယင်းအနောက်နိုင်ငံ ဓနရှင် ဒီမိုကရေစီစနစ်၏ ယဉ်ကျေးမှု(၀၇)

လူမှုရေး ပညာရေးနှင့် ထိုခေတ်ရှိသဘာဝ ဝိဇ္ဇာပညာများ ပါရှိသည့် ပညာသစ်ဆိုသည်ကား တရုပ်ပြည် ပဒေသရာဇ်ယဉ်ကျေးမှု (ဝါ) ပညာဟောင်းဆိုသည်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ဤပညာသစ်ကို ဆည်းပူးလေ့လာခဲ့သူများက ၎င်းသည် တရုပ်ပြည်ကို ကယ်နိုင်ပေလိမ့်မည်ဟု အတော်ရှည်ကြာစွာပင်စိတ်ထဲ၌ယုံကြည်ခဲ့ကြသည်။ ပညာဟောင်း ဂိုဏ်းသားများမှတပါး ပညာသစ်ဂိုဏ်းသားများသည် ၎င်းကိုသံသယရှိသူ လွန်စွာပင်နည်းပါးသည်။ နိုင်ငံကို ကယ်တင်လိုပါက ဥပဒေဟောင်းများကိုပြင်ရမည်။ ဥပဒေဟောင်းများကို ပြင်လိုပါက၊ နိုင်ငံခြားမှဆည်းပူးလေ့လာရမည်ဖြစ်၏။ ထိုအခါကနိုင်ငံခြားတိုင်းပြည်များတွင် အနောက် အရင်းရှင် နိုင်ငံများသည်သာလျှင် တိုးတက်သောနိုင်ငံများဖြစ်နေကြ၏။ နေရှင်လူတန်းစား၏ ခေတ်သစ်နိုင်ငံများကို သူတို့အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်ခဲ့ပေပြီ၊ဂျပန်တို့သည် အနောက်တိုင်းမှ ဆည်းပူးလေ့လာရာတွင် အောင်မြင်မှုများရှိခဲ့သဖြင့် တရုပ်တို့က ဂျပန်တို့ထံမှလည်း ဆည်းပူး လေ့လာလိုကြသည်။ ထိုခါက-တရုပ်တို့၏မျက်စိထဲတွင် ရုရှားနိုင်ငံသည် ခေတ်နောက်ကျသော နိုင်ငံဖြစ်သောကြောင့် ရုရှားနိုင်ငံကိုဆည်းပူးလေ့လာလိုသူမှာ လွန်စွာပင် နည်းပါးလှပေသည်။ ဤသည်တို့ကား ၁၈-ရာစုနှစ် အနှစ်၄၀-ပိုင်းဆီမှ ၂၀-ရာစုနှစ် အစပိုင်းအချိန်တွင် နိုင်ငံခြား တိုင်းပြည်ထံမှ တရုပ်တို့ ဆည်းပူး လေ့လာခဲ့သော အခြေအနေများဖြစ်ပေသည်။

နယ်ချဲ့သမား၏ ကျူးကျော်စော်ကားမှုက အနောက်တိုင်းမှ ဆည်းပူးသေ့လာသော တရုပ်တို့၏ စိတ်ကူးယဉ်မှုကိုအစိတ်

စိတ်အမှာမှာဖြစ်အောင်ဖျက်ဆီးပစ်လိုက်လေသည်။ ဆရာလုပ်သူများက တပည့်များကို ဘာ့ကြောင့်အမြဲကျူးကျော်တိုက်ခိုက်နေကြပါလိမ့်မလဲဟု တအံ့တသြ ဖြစ်သွားကြ၏။ တရုပ်တို့သည် အနောက်တိုင်းမှ အမြောက်အများ လေ့လာယူခဲ့ သော်လည်း၊ ၎င်းပညာကို အသုံးမချနိုင်၊ သူတို့၏ ရည်မှန်းချက် ကိုလည်း ဘယ်နည်းနှင့်မျှ အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ၁၉၁၁ ခုနှစ် တော်လှန်ရေး(ဂ) အပါအဝင်၎င်းကဲ့သို့သောတပြည်လုံးလှုပ်ရှားမှုကြီးများသည်အကြိမ်ပေါင်းများစွာအရေးနိမ့်သွားကြရသည်။ တိုင်းပြည်၏ အခြေအနေသည် တနေ့တခြား ဆိုးဝါး သည်ထက် ဆိုးဝါးလာ၏၊ ပတ်ဝန်းကျင် အခြေအနေမှာ လူအပေါင်းတို့ နေထိုင်၍မဖြစ်နိုင်သည့်ဘဝသို့ ဆိုက်ရောက်လာ၏။ သံသယများ ပေါ်ပေါက်လာကြ၏။ ကြီးပြင်းလာကြ၏။ တိုးပွားကြီးထွားလာကြလေ၏။ ပထမကမ္ဘာစစ်ကြီးကတကမ္ဘာလုံးကို ဆွဲလှုပ် လိုက်သည်။ ရုရှားတို့သည် အောက်တိုဘာ တော်လှန်ရေး ဆင်နွှဲပြီး ကမ္ဘာတွင် ပထမဆုံး ဆိုရှယ်လစ်နိုင်ငံကို တည်ထောင် လိုက်ကြသည်။ ယခင်က မြေအောက်၌ မြုတ်ကွယ်နေ၍ နိုင်ငံခြားသားမမြင်နိုင်သော ကြီးမြတ်သည့် ရုရှားပြည် ပစ္စည်းမဲ့လူတန်းစားနှင့် လုပ်သားလူထုတို့၏ တော်လှန်ရေးစွမ်းပကားသည် လီနင်၊ စတာလင်တို့၏ ခေါင်းဆောင်မှုအောက်တွင် မီးတောင်ကြီး ပေါက်ကွဲသကဲ့သို့ မြည်ဟီးပေါက်ကွဲကာ ထွက်ပေါ်လာလေသည်။ တရုပ်တို့နှင့်တကွ လူသားတရပ်လုံးသည် ရုရှားတို့ကို အမြင်တမျိုးဖြင့် ကြည့်စပြုလေသည်။ ထိုအချိန်-ထိုအချိန်သို့ရောက်မှ သာပင်တရုပ်တို့သည် ၎င်းတို့၏တွေးခေါ်မှုမှနေထိုင်မှုဘဝအထိသစ်လွင်သော ကာလတခုသို့ ရောက်ရှိခဲ့ပေသည်။ တရုပ်တို့သည် မည်သည့်နေရာ

တွင်မဆိုမှန်ကန်သည့် တလောကလုံးဆိုင်ရာ အမှန်တရား ဖြစ်သည့် မာ့က်စ်လီနင်ဝါဒကို တွေ့ရှိခဲ့လေသည်။ တရုပ်ပြည်၏ မျက်နှာသွင်ပြင်သည်လည်း ပြောင်းလဲလာပေတော့သည်။

ရုရှားတို့၏မိတ်ဆက်ပေးခြင်းဖြင့် တရုပ်တို့သည် မာ့က်စ်ဝါဒကို တွေ့ရှိခဲ့သည်။ အောက်တိုဘာတော်လှန်ရေးမတိုင်မီကမူတရုပ်တို့သည် လီနင်၊ စတာလင်တို့ကို မသိကြသည်သာမက၊ မာ့က်စ်၊ အိန်ဂျလ်တို့ကိုလည်းပသိကြပေ၊ အောက်တိုဘာ တော်လှန်ရေး အမြောက်သံက ကျွန်ုပ်တို့ထံသို့ မာ့က်စ်လီနင်ဝါဒကိုပို့လိုက်လေသည်။ အောက်တိုဘာတော်လှန်ရေးသည် တကမ္ဘာလုံးနှင့်တရုပ်ပြည်ရှိ တိုးတက်သူများအား နိုင်ငံ၏ ကံကြမ္မာကိုအကဲခတ်သည့် တန်ဆာပလာအဖြစ် ပစ္စည်းမဲ့ လူတန်းစား၏ ကမ္ဘာ့အမြင်ကို အသုံးပြုပြီး မိမိတို့၏ ပြဿနာများကို ပြန်လည်သုံးသပ် စဉ်းစားရန် အားပေးကူညီလိုက်ပေသည်။ ရုရှားတို့၏လမ်းအတိုင်း လိုက်ကြလော့၊ ၎င်းမှာ ကောက်ချက်ပင်ဖြစ်၏။ ၁၉၁၉ခုနှစ်က တရုပ်ပြည်တွင် မေလ ၄ ရက်နေ့ အရေးတော်ပုံကြီး (၉)ဖြစ်ပေါ်ခဲ့၏ ၁၉၂၁ခုနှစ်က တရုပ်ပြည်ကွန်မြူနစ်ပါတီကို ဖွဲ့စည်း တည်ထောင်ခဲ့၏။ ဆွန်ယက်ဆင်သည် မြော်လင့်ချက် ကင်းမဲ့နေသည့် အခိုက်မှာပင် အောက်တိုဘာ တော်လှန်ရေးနှင့် တရုပ်ပြည် ကွန်မြူနစ်ပါတီတို့အားကြုံတွေ့ရလေသည်။ ဆွန်ယက်ဆင်သည်အောက်တိုဘာ တော်လှန်ရေးကို ကြိုဆိုသည်။ တရုပ်တို့အား ရုရှားတို့ပေးသည့် အကူအညီနှင့် တရုပ်ပြည် ကွန်မြူနစ်ပါတီက သူနှင့်ပူးပေါင်း လုပ်ကိုင်ရေးကိုလည်း လက်ခံကြိုဆိုလေသည်၊ ဆွန်ယက်ဆင်ကွယ်လွန်သွားပြီး ချန်ကေရှိတ် အာဏာရလာလေသည်။ နှစ်ပေါင်း

(၂၂)နှစ် ကြာရှည်သော ကာလအတွင်း ချန်ကေရှိတ်သည် တရုပ်ပြည်ကို ဒုက္ခအတိပြည့်သော ဝဲသြဃအတွင်းသို့ ဆွဲချခဲ့သည်။ ဤအတောအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုက အဓိက အင်အားဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေး ဒုတိယကမ္ဘာစစ်ကြီးသည် နယ်ချဲ့နိုင်ငံကြီး(၃)နိုင်ငံကို အလဲထိုးခဲ့သည်။ နယ်ချဲ့နိုင်ငံကြီး(၂)နိုင်ငံ၏ အင်အားကိုချည့်နဲ့အောင် လုပ်ပစ်ခဲ့သည်၊ ကမ္ဘာတွင် အမေရိကန်တည်းဟူသော နယ်ချဲ့နိုင်ငံကြီး တနိုင်ငံတည်းသာကျန်၍ ဆုံးရှုံးမှုမခံခဲ့ရပေ။ သို့ရာတွင် အမေရိကန်၏ ပြည်တွင်းရေးကျပ်တည်းမှုသည် လွန်စွာပင်ကြီးမားလှပေသည်။ ၎င်းသည် ကမ္ဘာကြီးတခုလုံးကို ကျွန်ဘဝသို့သွတ်သွင်းလိုသည်။ ၎င်းက သန်းပေါင်းများစွာသော တရုပ်ပြည်သူများကို သတ်ဖြတ်ရန် ချန်ကေရှိတ်အား လက်နက်များ ကူညီထောက်ပံ့ခဲ့လေသည်။ တရုပ်ပြည်သူတို့တည် တရုပ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုဖြင့် ဂျပန်နယ်ချဲ့သမားကို မောင်းထုတ်ခဲ့သည်။ ပြီးနောက် ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲကို ၃ နှစ်ကြာမျှ တိုက်ခိုက်ဆင်နွှဲ၍ အခြေခံအောင်ပွဲကို ရရှိကြပေပြီ။

ယင်းသို့ဖြင့် အနောက်တိုင်း ခနရှင်တို့၏ ယဉ်ကျေးမှု ခနရှင်ဒီမိုကရေစီစနစ် ခနရှင်သမတနိုင်ငံပုံစံတို့သည် တရုပ်ပြည်သူတို့၏ မျက်စိထဲတွင် လုံးလုံးကျေပြုန်းပျက်စီးသွားလေသည်။ ခနရှင်ဒီမိုကရေစီစနစ်က အလုပ်သမားလူတန်းစား ခေါင်းဆောင်သော ပြည်သူ့ဒီမိုကရေစီကို နေရာလွှဲပေးလိုက်ရလေသည်။ ခနရှင်သမတနိုင်ငံက ပြည်သူ့သမတနိုင်ငံကို နေရာလွှဲပေးလိုက်ရလေသည်။ ဤသို့ဖြင့် ပြည်သူ့သမတနိုင်ငံမှတဆင့် ဆိုရှယ်လစ်

လောကနှင့် ကွန်မြူနစ်လောကသို့ရောက်အောင် လူတန်းစားပပျောက်ရေးနှင့် ကမ္ဘာ့လူ့လောကကြီးသို့ရောက်အောင် သွားနိုင်ဖွယ်ရာရှိမှုကို ဖန်တီးပေးလိုက်သည်။ ခန်ယူဝေက "ကမ္ဘာ့ဘုံလောကကြီးစာအုပ်"ကို ရေးသားခဲ့ဘူး၏။ သို့သော် သူသည် ကမ္ဘာ့ဘုံလောကကြီးသို့ သွားရောက်ရမည့်လမ်းကို ရှာမတွေ့ခဲ့ချေ၊ တွေ့လည်းမတွေ့နိုင်ချေ။ မနေရှင်သမတနိုင်ငံသည် နိုင်ငံခြားများ၌ ရှိခဲ့ဘူး၏၊ သို့သော် တရုပ်ပြည်တွင်မပေါ်နိုင်ချေ၊ အကြောင်းမူကား တရုပ်ပြည်သည် နယ်ချဲ့စနစ်၏ ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံနေရသော တိုင်းပြည်ဖြစ်၏။ တခုတည်းသောလမ်းမှာ အလုပ်သမားလူတန်းစားခေါင်းဆောင်သော ပြည်သူ့သမတနိုင်ငံဖြစ်ပေသည်။

အခြားအရာအားလုံးကို စမ်းသပ်ခဲ့သည်။ အားလုံးပင် ဆုံးရှုံးပျက်စီးခဲ့၏။ အခြားအရာများကို ခင်တွယ်ကြသူတို့ အနက်အချို့မှာ ဘုံးဘုံးလဲသွားလေသည်၊ အချို့မှာ နိုးကြားလာသည်၊ အချို့မှာလည်း ၎င်းတို့၏အတွေးအခေါ်ကို ပြောင်းပစ်နေကြသည်။ ကိစ္စများ၏ ဖြစ်ပေါ်တိုးတက်လာပုံ ဤမျှလျှင်မြန်လှသောကြောင့် လူအမြောက်အမြားပင် အံ့အားအသင့်ကြီးသင့်ကာ အသစ်တဖန် လေ့လာဆည်းပူးရန်လိုသည်ဟု ခံစားမိစေသည်။ သူတို့၏ ဤစိတ်ထားမျိုးကိုနားလည်နိုင်ပါသည်၊ ဤသို့ကောင်းမွန်စွာ အသစ်တဖန် လေ့လာဆည်းပူးလိုသော သဘောထားမျိုးကို ကျွန်ုပ်တို့ကြိုဆိုပါသည်။

အောက်တိုဘာ တော်လှန်ရေးပြီးနောက် တရုပ်ပြည်ပစ္စည်းမဲ့လူတန်းစားတပ်ဦးသည် မာ့က်စ်လီနင်ဝါဒကို ဆည်းပူးလေ့

လာလျက် တရုပ်ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။ ထိုမှစ၍ တရုပ်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးတိုက်ပွဲဝင်၍ ကွေ့ကောက်သောလမ်းကို (၂၈)နှစ်တိုင်တိုင် ချီတက်ခဲ့ပြီးမှ အခြေခံအောင်ပွဲကို ရရှိလေသည်။ ဆွန်ယက်ဆင်၏ သေတမ်းစာတွင် ရေးသားထားသည့် "အနှစ်(၄၀)စုဆောင်းခဲ့သည့် အတွေ့အကြုံများ"ကဲ့သို့ ကျွန်ုပ်တို့စုဆောင်းခဲ့သော (၂၈)နှစ် အတွေ့အကြုံများက တူညီသည့်ကောက်ချက်တခုရခဲ့သည်၊ ၎င်းကား အောင်ပွဲရရှိနိုင်ရန်အတွက် "လူထုကို နှိုးဆော်ရမည်၊ ကမ္ဘာ့တဝှမ်းလုံးရှိ ကျွန်ုပ်တို့နှင့် တန်းတူညီမျှစွာ ဆက်ဆံကြသည့် အမျိုးသားများနှင့် ပူးပေါင်းပြီး အကူအကွ တိုက်ပွဲဆင်နွှဲရမည်"ကို လေးနက်စွာ သိရှိနားလည်ခြင်းပင်ဖြစ်၏။ ဆွန်ယက်ဆင်နှင့် ကျွန်ုပ်တို့တွင်မတူသော ကမ္ဘာ့အမြင်များရှိသည်၊ မတူသောလူတန်းစား ရပ်တည်မှုမှနေပြီး ပြဿနာများကို အကဲခတ်ဆောင်ရွက်လာခဲ့ကြသည်။ သို့သော်(၂၀/)ရာစုနှစ်၏ အနှစ်(၂၀)ပိုင်း၌ နယ်ချဲ့သမားများနှင့် မည်သို့တိုက်ရမည်ဟူသော ပြဿနာတွင် ကျွန်ုပ်တို့နှင့် ဆွန်ယက်ဆင်သည် အခြေခံအားဖြင့် တူညီသည့် အထက်ပါ ကောက်ချက်မျိုးကို ရရှိလေသည်။

ဆွန်ယက်ဆင်ကွယ်လွန်ခဲ့သည်မှာ (၂၄)နှစ်ရှိလေပြီ။ တရုပ်ပြည် တော်လှန်ရေးသဘောတရားနှင့် လက်တွေ့ လုပ်ငန်းများသည်တရုပ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်၌ ရှေ့သို့ အလှမ်းကျယ်စွာ တိုးတက်လာပြီး တရုပ်ပြည်၏ အသွင်အပြင်ကို အခြေအမြစ်မှနေ၍ ပြောင်းလဲလိုက်ပေသည်။ ယခုအထိ တရုပ်ပြည်သူတို့သည် အောက်ပါအဓိကနှင့် အခြေခံဖြစ်သော အတွေ့

အကြုံနှစ်ရပ်ကို ရရှိလေသည်၊ (က) ပြည်တွင်း၌ လူထုကိုနိုးဆော်ရမည်၊ ၎င်းမှာ အလုပ်သမား၊ လယ်သမား၊ မြို့နေဓနရှင်ပေါက်စနှင့် အမျိုးသားဓနရှင် လူတန်းစားများနှင့် သွေးစည်းလျက် အလုပ်သမားလူတန်းစား၏ခေါင်းဆောင်မှုအောက်၌ ပြည်တွင်းညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းတည်ထောင်ရမည်၊ ထိုမှနေ၍ အလုပ်သမားလူတန်းစား ခေါင်းဆောင်သော အလုပ်သမားလယ်သမား မဟာမိတ်ကို အခြေပြုသော ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်နိုင်ငံကို တည်ထောင်သည်အထိ တဆင့်တိုး၍ တက်လှမ်းသွားရမည်ဖြစ်၏၊ (ခ) ပြည်ပ၌ ကမ္ဘာတဝှမ်းလုံးရှိ ကျွန်ုပ်တို့နှင့် တန်းတူဆက်ဆံကြသည့်အမျိုးသားများ အနိုင်နိုင်ငံ ပြည်သူများနှင့် ပူးပေါင်း၍ အတူတကွ တိုက်ပွဲဆင်နွှဲရမည်၊ ၎င်းမှာ ဆိုဗီယက်ပြည်ထောင်စု ပြည်သူ့ဒီမိုကရေစီနိုင်ငံများနှင့် အခြား နိုင်ငံအသီးသီးရှိ ပစ္စည်းမဲ့လူတန်းစား မြောက်မြားစွာသော ပြည်သူလူထုများနှင့် ပူးပေါင်းပြီး နိုင်ငံတကာ ညီညွတ်ရေးတပ်ပေါင်းစုကို ဖွဲ့စည်းတည်ထောင်ရမည် ဖြစ်ပေသည်။

"သင်တို့ တဖက်သို့ယိမ်းသည်"။ ဤအတိုင်းပင် ဖြစ်၏၊ တဖက်သို့ယိမ်းလိုက်ဆိုသော စကားမှာ ဆွန်ယက်ဆင်၏ နှစ်ပေါင်း(၄၀) အတွေ့အကြုံနှင့် ကွန်မြူနစ်ပါတီ၏ နှစ်ပေါင်း (၂၈)နှစ် အတွေ့အကြုံများက ကျွန်ုပ်တို့ကို သင်ပြခဲ့ခြင်းဖြစ်သည်၊ အောင်ပွဲခံလိုလျှင် အောင်ပွဲကိုခိုင်မြဲစေလိုလျှင် ကျွန်ုပ်တို့သည် တဖက်သို့ယိမ်းရမည်ဖြစ်ကြောင်း လေးနက်စွာ နားလည်သည်၊ နှစ်ပေါင်း(၄၀)နှင့် နှစ်ပေါင်း(၂၈)နှစ် စုဆောင်းရသော အတွေ့အကြုံများအရ တရုပ်ပြည်သူများသည် နယ်ချဲ့စနစ်ဖက်သို့

မယိမ်းလျှင် ဆိုရှယ်လစ်စနစ်ဖက်သို့သာ ယိမ်းရမည်၊ ဤမှတပါး အခြားလုံးဝမရှိ၊ ဝင်းထရံပေါ်တွင် ခွစီးနေ၍မဖြစ်၊ တတိယလမ်းလည်းမရှိ၊ ကျွန်ုပ်တို့သည် နယ်ချဲ့စနစ်ဖက်သို့ ယိမ်းလိုက်ခဲ့သော ဖေါက်ပြန်သည့် ချန်ကေရှိတ်ဂိုဏ်းကို ဆန့်ကျင်သည်၊ တတိယသမ်း စိတ်ကူးယဉ်မှုကိုလည်း ဆန့်ကျင်သည်။

“သင်တို့ကဒေါထအောင်ဆွလွန်းလှချည့်”။ပြည်တွင်းပြည်ပ ဖေါက်ပြန်သည့်ဂိုဏ်းများ(ဝါ)နယ်ချဲ့သမားနှင့် ၎င်း၏နောက်လိုက်ခွေးများကို ရင်ဆိုင်တိုက်ခိုက်ရန် ကျွန်ုပ်တို့ ပြောဆိုခြင်းမျသာဖြစ်သည်၊ အခြားမည်သူ့ကိုမျ ရင်ဆိုင်တိုက်ခိုက်ရန် ပြောခြင်းမဟုတ်၊ ယင်းဖေါက်ပြန်သူများနှင့် ပတ်သက်၍ ပြောဆိုရလျှင် ဒေါသထွက်အောင် ဆွမဆွဆိုသည့် ပြဿနာများမပေါ် သူတို့ကို ဒေါသထွက်အောင် ဆွသည်ဘဲဆိုဆို၊ မဆွဘူးဘဲဆိုဆို ဘာမျှမထူး၊ အကြောင်းမူ သူတို့သည် ဖေါက်ပြန်သူများ ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်၊ ဖေါက်ပြန်ရေးသမားနှင့် တော်လှန်ရေးသမားများ အကြားတွင် စည်းကြောင်းတခုကို ထင်ရှားစွာဆွဲထားပြီး ဖေါက်ပြန်ရေးသမား၏ ယုတ်မာသောအကြံဆိုးကို ဖွင့်ချပေါ်ထုတ်လျက် တော်လှန်ရေးသမားအတွင်း သတိရှိရန်နှင့် အာရုံစိုက်ရန် နှိုးဆွပေးခြင်းဖြင့်သာ မိမိ၏စိတ်ဓါတ်ကို မြှင့်တင်ပေး၍ ရန်သူ၏ဂုဏ်သိက္ခာကိုချိုးနှိမ်ခြင်းဖြင့်သာ ဖေါက်ပြန်ရေးသမားများကို ဝိုင်းပယ်နိုင်လိမ့်မည်၊ သူတို့ကို တိုက်၍ အောင်နိုင်လိမ့်မည်၊ သို့မဟုတ် သူတို့၏နေရာကို ကိုယ်ကဝင်ယူနိုင်လိမ့်မည်၊ သားရဲတိရစ္ဆာန်၏ရှေ့၌ ထိတ်လန့်မှုကို စိုးစဉ်းမျှ မပြလိုက်ပါနှင့် ကျွန်ုပ်တို့သည် ချင်ယန်ခင်တန်းကလေးရှိ ဝူဆုန်

(၁၀)ကိုအတူယူရမည်၊ ဝူဆုန်အနေဖြင့် ချင်ယန်ခင်ဟန်းကလေး ရှိကျွားကို ဒေါသထွက်အောင်ဆွသည်ဘဲဆိုဆို၊ မဆွသည်ဘဲဆိုဆို လူကိုစားမည်မှာ မလွဲကေန်ဖြစ်ကြောင်း နားလည်ခဲ့သည်၊ ကျွား ကိုပင်သတ်မည်လော၊ သို့တည်းမဟုတ် ကျွားအစားပင် ခံမည် လော၊ တချက်ချက်ကိုသာ ရွေးချယ်ရမည်။

"ကျွန်ုပ်တို့ကူးသန်းရောင်းဝယ်လို၏၊" လုံးဝပင် မှန်ကန်၏၊ ကူးသန်းရောင်းဝယ်ရေး အစဉ်ပင်လုပ်ကိုင်ရမည်၊ ကျွန်ုပ်တို့၏ ကူးသန်းရောင်းဝယ်ရေးကို နှောင့်ယှက်နေသော ပြည်တွင်း ပြည်ပ ဖေါက်ပြန်ရေးသမားများကိုသာ ကျွန်ုပ်တို့ဆန့်ကျင် သည်၊ ထိုမှတပါး မည်သူကိုမျှ မဆန့်ကျင်ခဲ့ချေ။ ကျွန်ုပ်တို့နှင့် နိုင်ငံခြားတိုင်းပြည်များ၏ ကူးသန်းရောင်းဝယ်ရေးကို နှောင့် ယှက်နေသော ကျွန်ုပ်တို့နှင့် နိုင်ငံခြားတိုင်းပြည်များ သံတမန် ဆက်သွယ်မှုကိုပင်လျှင် အနှောင့်အယှက်ပေးနေသောသူများမှာ အခြားသူများမဟုတ်၊ နယ်ချဲ့သမားနှင့် ၎င်းတို့၏ နောက်လိုက် ခွေး ချန်ကေရှိတ် ဖေါက်ပြန်ရေး သမားများသာလျှင်ဖြစ် ကြောင်း လူတိုင်းသိရှိနားလည်ရမည်။ ပြည်တွင်းပြည်ပရှိ အင် အားမှန်သမျှကို စည်းရုံးပူးပေါင်းပြီး ပြည်တွင်းပြည်ပရှိ ဖေါက် ပြန်ရေးသမားများကို ဖြိုခွင်းမှသာလျှင် ကျွန်ုပ်တို့သည် ကူး သန်းရောင်းဝယ်ရေး ပြုလုပ်နိုင်သည်၊ တန်းတူသော အပြန်အလှန် အကျိုးရှိသော နယ်မြေအချုပ်အခြာ အာဏာကို အပြန်အလှန် ရိုသေလေးစားသော အခြေခံပေါ်တွင် နိုင်ငံခြားတိုင်းပြည် အားလုံးနှင့် သံတမန် ဆက်သွယ်မှုများကိုလည်း ပြုလုပ်နိုင်လိမ့် မည်။

"နိုင်ငံတကာ့ အကူအညီ မယူဘဲနှင့်လည်း အောင်ပွဲခံနိုင်မည်။" ၎င်းမှာ မှားယွင်းသော အယူအဆဖြစ်သည်၊ နယ်ချဲ့စနစ်တည်ရှိနေသော ခေတ်သမယ၌ မည်သည့်တိုင်းပြည်၏ တကယ့်စစ်မှန်သော ပြည်သူ့တော်လှန်ရေးပင်မဆို အကယ်၍ နိုင်ငံတကာ့တော်လှန်ရေးအင်အားများက အသွင်အမျိုးမျိုးဖြင့် အကူအညီမပေးလျှင် မိမိ၏အောင်ပွဲခံရန် မဖြစ်နိုင်ချေ၊ အောင်ပွဲခံရသည့်တိုင်အောင်ရှိပြီး အောင်ပွဲကိုခိုင်မြဲအောင် ထိန်းသိမ်းထားရန်လည်း မဖြစ်နိုင်ချေ၊ ကြီးမြတ်သော အောက်တိုဘာတော်လှန်ရေးသည် ဤသို့သောနည်းဖြင့် အောင်ပွဲခံ၍ ခိုင်မြဲလာအောင် ပြုလုပ်ထားကြောင်း လီနင်နှင့် စတာလင်တို့က စောစောကပင် ကျွန်ုပ်တို့အား မိန့်ကြားခဲ့၏၊ ဒုတိယကမ္ဘာစစ်ကြီးတွင် နယ်ချဲ့နိုင်ငံ(၃)နိုင်ငံကို အလဲထိုးလိုက်ပြီး ပြည်သူ့ဒီမိုကရေစီနိုင်ငံအသီးသီး ဖွဲ့စည်းတည်ထောင်လိုက်ခြင်းသည်လည်း ဤအတိုင်းပင်ဖြစ်ပေသည်၊ ပြည်သူ့တရုတ်ပြည်၏ ယခုနှင့်နောင်မှာလည်း ဤအတိုင်းပင်ဖြစ်ပေသည်၊ အားလုံးစဉ်းစားကြည့်ကြပါ အကယ်၍ ဆိုဗီယက်ပြည်ထောင်စုမတည်ရှိပါလျှင် သို့တည်းမဟုတ် ဖက်ဆစ်ကိုဆန့်ကျင်သော ဒုတိယကမ္ဘာစစ်ကြီး အောင်ပွဲမခံရပါလျှင် ဂျပန်နယ်ချဲ့သမားကို အလဲမထိုးပါလျှင် ပြည်သူ့ဒီမိုကရေစီနိုင်ငံအသီးသီးမပေါ်ပေါက်ပါလျှင် အရှေ့တိုင်းတွင် ဖိနှိပ်ချုပ်ချယ်ခြင်း ခံရနေကြရသော အမျိုးသားများ ယခုလို အုံကြွတိုက်ခိုက်ခြင်း မပြုခဲ့ပါလျှင် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ ဂျပန်အစရှိသော အရင်းရှင်နိုင်ငံများအတွင်းရှိ ပြည်သူလူထုက သူတို့ကိုအုပ်စိုးနေသော ဖေါက်ပြန်ရေးသမားများနှင့် မတိုက်ခိုက်ပါလျှင် အကယ်၍ ဤအရာ

အားလုံး စုပေါင်းခြင်းမရှိပါလျှင် ကျွန်ုပ်တို့ခေါင်းပေါ်တွင် ဖိနှင်းနေသော နိုင်ငံတကာ ဖေါက်ပြန်ရေးအင်အားများသည် ယခုထက်အင်အားအဆပေါင်းများစွာ ကြီးမားလာလိမ့်မည်မှာ မချွမလွဲဖြစ်သည်၊ ဤအခြေအနေမျိုးတွင် ကျွန်ုပ်တို့ အောင်ပွဲခံနိုင်ပါမည်လော မအောင်နိုင်သည်မှာထင်ရှားလှသည်၊ အောင်ပွဲခံပြီးသည်တိုင်အောင်လည်း ခိုင်မာတောင့်တင်းအောင် မပြုလုပ်နိုင်ချေ၊ ဤအရေးနှင့်ပတ်သက်၍ တရုပ်ပြည်သူလူထုကြီးမှာ အတွေ့အကြုံများစွာရှိခဲ့၏၊ နိုင်ငံတကာ တော်လှန်ရေးအင်အားနှင့် ပူးပေါင်းရမည်ဟု ဆွန်ယက်ဆင်ကွယ်လွန်ကာနီး ပြောကြားခဲ့သောစကားမှာ ဤအတွေ့အကြုံမျိုးကို စောစွာကပင် ထင်ဟပ်မိပြီးသား ဖြစ်နေလေပြီ။

"ကျွန်ုပ်တို့သည် အင်္ဂလိပ်၊ အမေရိကန်အစိုးရ၏ အကူအညီများကို အလိုရှိသည်၊" ယခုအခါ၌ ဤအယူအဆလည်း ကလေးဆန်လှ၏၊ ယခုအခါ အင်္ဂလိပ်နှင့် အမေရိကန်တွင် အုပ်စိုးနေသူများမှာ နယ်ချဲ့သမားများဖြစ်သည်၊ ပြည်သူ့ နိုင်ငံများအား သူတို့အကူအညီပေးနိုင်မည်လော၊ ကျွန်ုပ်တို့သည် ယင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်သည်၊ ထို့ပြင် ယင်းနိုင်ငံများသည် အပြန်အလှန်အကျိုးရှိသော အချက်အလက်ဖြင့် နောင်အခါ ကျွန်ုပ်တို့ကို ငွေချေးရန် ဆန္ဒရှိလာသည်ဘဲထားကြပါစို့၊ ဤဆန္ဒမျိုး အဘယ်ကြောင့်ရှိလာကြသနည်း၊ အကြောင်းရင်းမှာ တရုပ်ပြည်သူများကို ကူညီခြင်းမဟုတ်ဘဲ ထိုနိုင်ငံများမှ အရင်းရှင်များက အမြတ်ထုတ်လိုသောကြောင့် ဘဏ်တိုက်ရှင်များက အတိုးစားလိုသောကြောင့် ထိုနည်းဖြင့် မိမိတို့၏ အကျပ်

အတည်းမှ လွတ်မြောက်ချမ်းသာလိုသောကြောင့်ပင် ဖြစ်ပေသည်၊ ယင်းနိုင်ငံများရှိ ကွန်မြူနစ်ပါတီများနှင့် တိုးတက်သောပါတီအဖွဲ့အစည်းများသည် ကျွန်ုပ်တို့နှင့် ကုန်သွယ်ရေးဝယ်ရေးနှင့် နိုင်ငံခြားသံတမန်ဆက်သွယ်မှုရှိလာရန် ၎င်းတို့အစိုးရများအား တိုက်တွန်းနေကြခြင်းသည် စိတ်ကောင်းစေတနာကောင်းဖြစ်သည်၊ အကူအညီပေးခြင်းလည်းဖြစ်ပေသည်၊ ဤသို့သော အကူအညီပေးခြင်းမျိုးကို အဆိုပါနိုင်ငံများရှိ နေ့ရှင်တို့၏ လုပ်ပိုင်ခွင့်များနှင့် တစားတည်းထားကာ ပြော၍မဖြစ်နိုင်ချေ၊ ဆိုဗီယက်ဆင်သည် သူ၏ တသက်တာတွင် အရင်းရှင်နိုင်ငံများထံမှ အကူအညီရရန် အကြိမ်ပေါင်းများစွာ မေတ္တာရပ်ခံခဲ့သော်၏၊ သို့သော်—အကျိုးဆက်ကား အချည်းနှီးသာဖြစ်ခဲ့၏၊ အကူအညီမရရှိသာမက အညာအတားကင်းမဲ့စွာ ထိုးနှက်တိုက်ခိုက်ခြင်းကိုပင်ခံခဲ့ရသည်၊ ဆိုဗီယက်ဆင်၏တသက်တာတွင် နိုင်ငံတကာ ကူညီထောက်ပံ့မှုဆို၍ ဆိုဗီယက် ပြည်ထောင်စု၏ ကူညီထောက်ပံ [illegible] တကြိမ်တည်းသာ ရခဲ့လေသည်၊ ဆိုဗီယက်ဆင်၏ သေတမ်းစာကို စာဖတ်ပရိသတ်တို့ကြည့်ကြစမ်းပါ၊ ထိုသေတမ်းစာ၌ နယ်ချဲ့နိုင်ငံများ၏ ကူညီထောက်ပံ့မှုများကို စောင့်မျှော်နေခြင်းမှသည်၊ "ကမ္ဘာတဝှမ်းလုံးရှိ ကျွန်ုပ်တို့နှင့် တန်းတူဆက်ဆံကြသည့် အမျိုးသားများနှင့် ပူးပေါင်းရန်" သူက စိတ်ရှည်လက်ရှည် မှာကြားခဲ့သည်၊ ဆိုဗီယက်ဆင်သည် အတွေ့အကြုံများရှိသည်၊ အနှစ်နှစ်ဆုံးရှုံးမှုနှင့်လည်း ကြုံရသည် အလိမ်လည်းခံခဲ့ရဖူးသည်၊ ထပ်မအလိမ်မခံရအောင် သူ့စကားကို ကျွန်ုပ်တို့မှတ်သားထားရမည်၊ နိုင်ငံတကာအနေဖြင့် ကျွန်ုပ်တို့သည် ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်သော နယ်ချဲ့ဆန့်ကျင်ရေးစခန်းမျက်

နှာတွင်ပါဝင်၏၊ တကယ့်ချစ်ကြည်စွာ ကူညီထောက်ပံ့မှုကို အဆိုပါ စစ်မျက်နှာမှာသာ ရှာတွေ့နိုင်သည်၊ နယ်ချဲ့ရေး စစ်မျက်နှာဖက်မှာ ရှာ၍မဖြစ်နိုင်ချေ။

“သင်တို့အာဏာရှင်ဆန်လှချည့်” ချစ်လှစွာသော လူကြီးမင်းများခင်ဗျား သင်တို့ပြောကြသည်ကားမှန်ပေစွ ကျွန်ုပ်တို့သည် ဤအတိုင်းပင်ဖြစ်သည်၊ တရုတ်ပြည်သူများ၏ ဆယ်စုနှစ်အချိန်အတွင်း သိမ်းစုဆောင်းခဲ့သည့် အတွေ့အကြုံ မှန်သမျှက ကျွန်ုပ်တို့အား ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ် (ဝါ) ပြည်သူ့ဒီမိုကရေစီအာဏာရှင်ကို လုပ်ဆောင်ခိုင်း၏၊ အဆိုပါနှစ်ခု၏ အဓိပ္ပါယ်ကား တူညီသည်၊ ဖေါက်ပြန်ရေးသမားတို့၏ ပြောဆိုခွင့်ကိုယုတ်သိမ်းပစ်ပြီး ပြည်သူများကိုသာ ပြောဆိုခွင့်ပေးရန်ပင်ဖြစ်၏။

ပြည်သူများဆိုသည်ကား မည်သူတွေနည်း၊ လက်ရှိအဆင့်တွင် တရုတ်ပြည်၌ အလုပ်သမားလူတန်းစား၊ လယ်သမားလူတန်းစား၊ မြို့နေဓနရှင်ပေါက်စလူတန်းစားနှင့် အမျိုးသားဓနရှင် လူတန်းစားတို့ ဖြစ်သည်။ ၎င်းလူတန်းစား များသည် အလုပ်သမား လူတန်းစားနှင့် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှု အောက်၌ စည်းလုံးညီညွတ်ကြကာ မိမိတို့၏နိုင်ငံကို ဖွဲ့စည်း တည်ထောင်လျက် မိမိတို့၏အစိုးရကို ရွေးကောက်တင်မြှောက်ကြပြီး နယ်ချဲ့သမား၏ နောက်လိုက်ခွေး(ဝါ)မြေရှင်လူတန်းစား၊ ဗျူရိုကရက် ဓနရှင် လူတန်းစား၊ ၎င်းလူတန်းစားများကို ကိုယ်စားပြုသည့် ကိုမင်တန် ဖေါက်ပြန်ရေးသမားနှင့်၎င်း၏နောက်လိုက်အပေါင်း ပါတို့အပေါ် အာဏာရှင်စနစ် ကျင့်သုံးခြင်း(ဝါ) အာဏာရှင်

လုပ်ခြင်း၊ဖိနှိပ်ခြင်း၊ပြောချင်ရာပြော-လုပ်ချင်ရာလုပ်ခွင့်မပေးဘဲ ကြိုးကြိုးနန့်နန့် နေထိုင်ဖို့သာ ခွင့်ပြုခြင်းပင်ဖြစ်သည်။ အံကယ်၍ သူတို့ ရှုပ်ရှုပ်ယှက်ယှက် လုပ်လာလျှင် ချက်ချင်းတားမြစ် အပြစ် ပေးရမည်။ ပြည်သူများထဲတွင်မူ ဒီမိုကရေစီစနစ်ကျင့်သုံးရမည် သူတို့အား လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်နှင့် လွတ်လပ်စွာ အသင်းဖွဲ့ခွင့် အစရှိသော အခွင့်အရေးများ ပေး မည်ဖြစ်၏။ ပြည်သူများကိုသာလျှင် ရွေးကောက်ခွင့် ပေးသည် ဖေါက်ပြန်ရေးသမားများကို ပေးမည်မဟုတ်။ ပြည်သူများ ထဲ၌ ဒီမိုကရေစီ ကျင့်သုံးခြင်းနှင့် ဖေါက်ပြန်ရေးသမားများ အပေါ် အာဏာရှင်စနစ် ကျင့်သုံးခြင်းဟူသော ဖက်နှစ်ဖက်ကို ပေါင်း စပ်လိုက်ခြင်း သည်ပင် ပြည်သူ့ ဒီမိုကရေစီ အာဏာရှင် စနစ် ဖြစ်သည်။

ဘာ့ကြောင့်သည်လိုလုပ်ရသနည်း၊ ဤအချက်ကိုလူအားလုံး ပင် သေချာစွာ နားလည်ကြသည်။ ဤအတိုင်းသာ မလုပ်ကိုင် ခဲ့လျှင်၊တော်လှန်ရေးအရေးနိမ့်၍ပြည်သူများဒုက္ခဆင်းရဲတွင်းသို့ ကျရောက်သွားမည်၊ တိုင်းပြည်လည်းပျက်ပြုန်းသွားပေလိမ့်မည် ဖြစ်၏။

“နိုင်ငံအစိုးရ အာဏာကို သင်တို့ဖျက်သိမ်းချင်သည် မဟုတ် လော” ကျွန်ုပ်တို့ဖျက်သိမ်းလို၏၊ သို့သော် ယခုမဖျက်သိမ်းလို သေး၊ ယခုကျွန်ုပ်တို့ မဖျက်သိမ်းနိုင်သေးပေ၊ ဘာ့ကြောင့်နည်း နယ်ချဲ့စနစ်တည်ရှိနေသေး၏၊ ပြည်တွင်းဖေါက်ပြန်ရေး သမား များ တည်ရှိနေသေး၏၊ ပြည်တွင်း၌ လူတန်းစား များလည်း တည်ရှိနေသေးသည်။ ကျွန်ုပ်တို့လက်ရှိ တာဝန်ကား၊ ပြည်သူ့

နိုင်ငံ စက်ယန္တရားကို အင်အားတောင့်တင်းလာအောင်ပြုလုပ်ရမည်၊ ဤနေရာတွင် ပြည်သူ့တပ်မတော် ပြည်သူ့ ပုလိပ်နှင့် ပြည်သူ့တရားရုံးတော်များကို အဓိက ဆိုလိုသည်။ ဤသို့လုပ်မှ တိုင်းပြည် ကာကွယ်ရေးကို အင်အားတောင့်တင်းစေ၍ပြည်သူ့ အကျိုးကို ကာကွယ်ပေးနိုင်လိမ့်မည်။ ၎င်းကို အချက်အလက် အဖြစ်ထား၍ တရုပ်ပြည်သည် အလုပ်သမားလူတန်းစားနှင့် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်၌ လယ်ယာစိုက်ပျိုးရေး နိုင်ငံမှ စက်မှုနိုင်ငံသို့၎င်း၊ ဒီမိုကရေစီသစ် လောကမှ ဆိုရှယ်လစ် လောကနှင့် ကွန်မြူနစ်လောကသို့၎င်းလူတန်းစားပပျောက်ရေးနှင့် ကမ္ဘာ့လောက အကောင်အထည်ပေါ်ရေးသို့၎င်း။ အခြေခိုင်စွာ တလှမ်းချင်း ချီတက်သွားနိုင်သည်။ စစ်တပ်၊ ပုလိပ်တပ်နှင့် တရားရုံးအစရှိသော နိုင်ငံစက်ယန္တရားများသည် လူတန်းစား တခုက အခြားလူတန်းစားကိုဖိနှိပ်သော လက်နက်ကရိယာများ ပင် ဖြစ်သည်။ ၎င်းတို့သည်ရန်ဖက်လူတန်းစားများကိုဖိနှိပ်သော လက်နက်ကရိယာများ ဖြစ်၏၊ အကြွမ်းဖက်ခြင်းလည်း ဖြစ်၍ "ဂရုဏာ" ဆိုသည့် အရာများမဟုတ်ချေ။ "သင်တို့ကား ဂရုဏာ ကင်းမဲ့လှ၏၊" ဤအတိုင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ပေါက်ပြန်ရေး သမားများနှင့် ပေါက်ပြန်သည့် လူတန်းစား များ၏ ပေါက်ပြန်သော အပြုအမူများ အပေါ် ဂရုဏာ ထားသည့် ပေါ်လစီကိုဘယ်တော့မျှ ကျင့်သုံးမည်မဟုတ်၊ ကျွန်ုပ်တို့သည် ပြည်သူများအတွင်း၌သာ ဂရုဏာထားသည့်ပေါ်လစီကိုကျင့်သုံးသည်၊ ပြည်သူများအပြင်ဖက်တွင်ရှိသော ပေါက်ပြန်ရေးသမားနှင့် ပေါက်ပြန်သည့် လူတန်းစားများ၏ ပေါက်ပြန်သော အပြုအမူများအပေါ် ဂရုဏာမထားချေ။

ပြည်သူ့အစိုးရသည် ပြည်သူတို့ကို စောင့်ရှောက် ကာကွယ်သည်။ ပြည်သူ့အစိုးရတည်ရှိမှသာလျှင်၊ ပြည်သူများသည်တိုင်းပြည်တဝှမ်းလုံးနှင့် ပြည်သူ့တရပ်လုံးအတွင်းတွင် ဒီမိုကရေစီနည်းကို အသုံးပြုပြီး၊ မိမိကိုယ်ကို မိမိပညာပေးပြုပြင်ခြင်းဖြင့်၊ မိမိကိုပြည်တွင်းပြည်ပ ဓါတ်ပြန်ရေး သမားများ၏ ဩဇာအရှိန်သက်ရောက်မှုအောက်မှ ကျွတ်လွတ်စေနိုင်သည် (ဤဩဇာအရှိန်သက်ရောက်မှုသည် ယခုအခါ၌ ကြီးမားလှသေး၍ ကာလရှည်ကြာမျှ တည်ရှိလိမ့်မည်၊ အလွန်လျှင်မြန်စွာဇာတ်သိမ်းချုပ်ငြိမ်းနိုင်လိမ့်မည်မဟုတ်ချေ)၊ လောကဟောင်းမှပါလာသော မိမိတို့၏ အကျင့်ဆိုးနှင့် အတွေးအခေါ်အမှားများကို ပြုပြင်နိုင်၍ မိမိသည်ဓါတ်ပြန်ရေးသမားများ ညွှန်ပြသည့်လမ်းမှားကို မလိုက်တော့ဘဲ ဆိုရှယ်လစ်လောကနှင့်ကွန်မြူနစ်လောကသို့ ဆက်လက်ချီတက်နိုင်ပေသည်။

ယင်းဖက်၌ ကျင့်သုံးသည့် ကျွန်ုပ်တို့နည်းနာများသည် ဒီမိုကရေစီ နည်းနာများဖြစ်သည်၊ ဆိုလိုသည်မှာ သဘောပေါက်နားလည်လာအောင် ရှင်းပြပြောဆိုသော နည်းနာဖြစ်သည် အတင်းအဓမ္မပြုကျင့်သော နည်းနာမဟုတ်ချေ၊ ပြည်သူများသည် တရားဥပဒေ ကျူးလွန်မိလျှင် အပြစ်ဒဏ်ခံရလိမ့်မည့် ထောင်တန်းလည်းအချခံရလိမ့်မည် သေဒဏ်ပင်ခံရပေလိမ့်မည် သို့သော် ၎င်းသည် တဦးချင်း အခြေအနေ အချို့သာဖြစ်သည် လူတန်းစားတခုအနေဖြင့် ဓါတ်ပြန်သည့် လူတန်းစားအပေါ်ထားရှိသော အာဏာရှင်စနစ်နှင့် မူအားဖြင့်ခြားနားလေသည်။

ဖေါက်ပြန်သည့် လူတန်းစားနှင့် ဖေါက်ပြန်ရေးသမားများ အဖွဲ့ ၎င်းတို့၏ နိုင်ငံရေးအာဏာ တွန်းလှန်ဖျက်ဆီးခြင်းခံရပြီး နောက် သူတို့သည်ပုန်ကန်ခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း များသာ မပြုလုပ်ခဲ့လျှင် ၊မြေယာနှင့် အလုပ်အကိုင်များပေးပြီး သူတို့ကို အသက်မွေးဝမ်းကျောင်းရန်ခွင့်ပြုမည် လူသစ်များဖြစ် လာအောင် ကာယအလုပ်လုပ်ရင်း မိမိကိုယ်ကို ပြုပြင်စေလိမ့် မည်၊ အကယ်၍ ကာယအလုပ်လုပ်ရန် သူတို့ဆန္ဒမရှိခဲ့လျှင် ပြည် သူ့အစိုးရက သူတို့ကို အတင်းအကြပ် ကာယအလုပ် လုပ်ခိုင်း မည်ဖြစ်၏၊ သူတို့ကိုဝါဒဖြန့်ခြင်း ပညာပေးခြင်းလုပ်ငန်းများ လုပ်ဆောင်လိမ့်မည်၊ ထို့ပြင် ကျွန်ုပ်တို့ဖမ်းမိသော စစ်အကျဉ်း များအပေါ် လုပ်ခဲ့သကဲ့သို့ အလွန်ဂရုတစိုက် အပြည့်အစုံ လုပ်ကိုင် သွားလိမ့်မည်ဖြစ်၏၊ ဤလုပ်နည်းကိုတော့ "ကရုဏာထားသည့် ပေါ်လစီကျင့်သုံးသည်" လို့ဘဲ ခေါ်ဆိုနိုင်ပါသည်၊ သို့သော် ၎င်းသည် ရန်ဖက်လူတန်းစားဖြစ်သော လူများအပေါ် ကျွန်ုပ် တို့ အတင်းအကြပ်လုပ်ခိုင်းခြင်းပင်ဖြစ်သည်၊ တော်လှန်သော ပြည်သူများအတွင်း၌ ကျွန်ုပ်တို့ကျင့်သုံးသော မိမိကိုယ်ကိုမိမိ ပညာပေးရေး လုပ်ငန်းနှင့် တစားတည်း ထားပြော၍ မဖြစ် နိုင်ပေ။

ဖေါက်ပြန်သည့် လူတန်းစားမှ လူတွေအား ပြုပြင်သည့် လုပ်ငန်းမျိုးကို ကွန်မြူနစ်ပါတီခေါင်းဆောင်သော ပြည်သူ့ ဒီမိုကရေစီ အာဏာရှင်စနစ် နိုင်ငံကသာ ဆောင်ရွက်နိုင်သည်၊ ယင်းလုပ်ငန်းကို ကောင်းစွာလုပ်ပေးလျှင် တရုပ်ပြည်၌ အခါက သွေးစုတ်လူတန်းစားဖြစ်သော မြေရှင်လူတန်းစားနှင့် ဗြူရိုကရက် ဓနရှင်လူတန်းစား (ဝါ) လက်ဝါးကြီးအုပ် ဓနရှင်လူတန်း

စားသည် နောက်ဆုံးတွင် ချုပ်ငြိမ်း ပျောက်ကွယ်သွားလိမ့်မည်၊ အမျိုးသား ခနရှင်လူတန်းစားတရပ်သာကျန်၍ ယခုအဆင့်၌ ၎င်းတို့အနက်မှ လူအမြောက်အမြားကို သင့်လျော်သော ပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ပေသည်၊ နောင်ဆိုရှယ်လစ်စနစ်ကို အကောင်အထည်ဖေါ်မည့်အချိန်မျိုး (၀၂) ပုဂ္ဂလိကပိုင်စီးပွါးရေးလုပ်ငန်းဌာနများကို ပြည်သူပိုင် ပြုလုပ်မည့်အချိန်မျိုး၌ သူတို့အား ပညာပေးရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ရှေ့တဆင့်တိုး၍ ထပ်မံလုပ်ဆောင်တော့မည်၊ ပြည်သူ့လက်ထဲ၌ အင်အား ကြီးမား တောင့်တင်းသော နိုင်ငံစက်ယန္တရားရှိ၍ အမျိုးသားခနရှင် လူတန်းစား၏ ပုန်ကန်ထကြွမှုကို မကြောက်တော့ချေ။

အရေးကြီးသော ပြဿနာမှာ လယ်သမားများအား ပညာပေးရေးပင်ဖြစ်သည်၊ လယ်သမား၏ စီးပွားရေးသည် အကွဲကွဲအပြားပြား ဖြန့်ကြဲနေသည်၊ ဆိုဗီယက်ပြည်ထောင်စု၏ အတွေ့အကြုံအရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆိုရှယ်လစ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်လာရန် ရှည်ကြာသောအချိန်ကာလနှင့် သေချာစေ့စပ်စွာ လုပ်ငန်းများလုပ်ဖို့ လိုအပ်ပေသည်၊ ဆိုရှယ်လစ်လယ်ယာလုပ်ငန်းမရှိလျှင် ဘက်ပေါင်းစုံခိုင်မာသည့်ဆိုရှယ်လစ်စနစ်ကိုမရနိုင်၊လယ်ယာလုပ်ငန်းကိုဆိုရှယ်လစ်စနစ်အရ လုပ်ဆောင်ရန်ခြေလှမ်းမှာပြည်သူပိုင်စီးပွါးရေး လုပ်ငန်းဌာနကိုအခြေခံအဖြစ်ထားသော အင်အားကြီးမားလှသည့် စက်မှုလုပ်ငန်း၏ ဖွံ့ဖြိုးကြီးပွါးခြင်းနှင့်အတူလျော်ညီစွာ ပေါင်းစပ်လုပ်ကိုင်ရမည် (၁၁)၊ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်နိုင်ငံသည် တိုင်းပြည်အား စက်မှုလုပ်ငန်းထွန်းကားသည့်နိုင်ငံဖြစ်ရေးပြဿနာကို

စနစ်တကျ ဖြေရှင်းရမည်၊ ဤဆောင်းပါးတွင် စီးပွားရေး ပြဿနာများကို အမြောက်အမြားဖော်ပြရန် မရည်ရူးသော ကြောင့် ဤနေရာ၌ အသေးစိပ် မဖော်ပြလိုပေ။

၁၉၂၄ ခုနှစ်တွင်ဆွန်ယက်ဆင်ကိုယ်တိုင် ခေါင်းဆောင်သော ကွန်မြူနစ်တို့လည်းပါဝင်သော ကိုမင်တန် ပထမအကြိမ်မြောက် ပြည်လုံးကျွတ် ကွန်ဂရက်၌ (၁၂)ကျော်ကြားသည့် ကြေညာ စာတမ်းတရပ် ပြဋ္ဌာန်းလိုက်သည်၊ ထိုစာတမ်း၌ “အနီးခေတ် တိုင်းပြည်အသီးသီးမှာ ပြည်သူ့အခွင့်အရေး ဝါဒဆိုသည်ကို ဓနရှင်လူတန်းစားက အမြဲလက်ဝါးကြီးအုပ်ထားလျက် ဆင်းရဲသားလူထုများကို ဖိနှိပ်ချုပ်ချယ်သည့် လက်နက်ကရိယာတခုဖြစ်လာသည်၊ သို့သော် ကိုမင်တန်၏ ပြည်သူ့အခွင့်အရေးဝါဒမှာမူ သာမန်ဆင်းရဲသား လူထုအားလုံးက ပိုင်ဆိုင်၍ လူအနည်းစု ပုဂ္ဂလိကပိုင်ဆိုင်သည့် အရာမဟုတ်ပေ” ဟု ရေးသားခဲ့ပေသည်၊ မည်သူက မည်သူတို့ကို ခေါင်းဆောင်ရမည်နည်း ဟူသော ပြဿနာမှလွဲ၍ အထက်ဖော်ပြပါ ပြည်သူ့အခွင့်အရေး ဝါဒကို ယေဘုယျနိုင်ငံရေး လုပ်ငန်းစဉ်အဖြစ် ထား၍ ပြောဆိုလျှင် ကျွန်ုပ်တို့ပြောဆိုနေသည့် ပြည်သူ့ဒီမိုကရေစီ သို့မဟုတ် ဒီမိုကရေစီသစ်နှင့် ကိုက်ညီလေသည်။ ဓနရှင်လူတန်းစား၏ ပုဂ္ဂလိက ပိုင်ခွင့်ကို မပေးဘဲ သာမန်အရပ်သူအရပ်သား လူထုအားလုံးက သာလျှင် ပိုင်ဆိုင်သော နိုင်ငံစနစ်တွင် အကယ်၍ အလုပ်သမား လူတန်းစား၏ ခေါင်းဆောင်မှုကိုထည့်လိုက်လျှင်၊ ပြည်သူ့ဒီမို ကရေစီ အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံစနစ်ပင် ဖြစ်လာ လေသည်။

ချန်ကေရှိတ်သည် ဆွန်ယက်ဆင်ကိုသစ္စာဖောက်လျက် တရုပ်ပြည် ဆင်းရဲသား လူထုများအား ဖိနှိပ်ချုပ်ချယ်ရန် လက် နက်ကရိယာဖြစ်သော ဗြူရိုကရက် မနရှင် လူတန်းစားနှင့် မြေရှင် လူတန်းစား အာဏာရှင်စနစ်ကို ကျင့်သုံး လာလေသည်။ ယင်း တန်ပြန် တော်လှန်ရေးအာဏာရှင်စနစ်ကို (၂၂)နှစ်ကြာ ကျင့်သုံးခဲ့၍ ယခုတော့မှသာ ကျွန်ုပ်တို့ ခေါင်းဆောင်သော တရုပ်ပြည် ဆင်းရဲသား လူထုများက ဖြုတ်ချနိုင်ခဲ့ပေသည်။

"ကျွန်ုပ်တို့အား "အာဏာရှင်ဆန်သည်" သို့မဟုတ် "တပ ါတီအာဏာရှင်စနစ်"ကို ကျင့်သုံးသည်ဟူ၍ ဆဲဆိုခဲ့သောနိုင်ငံခြား ဖေါက်ပြန်ရေးသမားများမှာအာဏာရှင်စနစ်သို့မဟုတ် တပါတီအာဏာရှင်စနစ်ကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်နေသူများဖြစ်ကြသည်။ မနရှင်လူတန်းစားက ပစ္စည်းမဲ့လူတန်းစားနှင့်အခြားပြည်သူများအပေါ် ကျင့်သုံးနေသော လူတန်းစားတခု၏ အာဏာရှင်စနစ်နှင့် တပါတီအာဏာရှင်စနစ်ကို သူတို့ကျင့်သုံးနေကြသည်။ ဆွန်ယက်ဆင် ပြောဆိုခဲ့သော ဆင်းရဲသား လူထုများကို ဖိနှိပ်ချုပ်ချယ်နေကြသည် [illegible]ခေတ် နိုင်ငံအသီးသီးရှိ မနရှင် လူတန်းစားများကား [illegible]သူများကို ဆိုလို ပေသည်။ ချန်ကေရှိတ်၏ တန်ပြန်[illegible]ရေး အာဏာရှင် စနစ်သည် ဤဖေါက်ပြန်ရေးသမားများ[illegible]အတူယူလာခဲ့လေသည်။

ဆုန်မင်းဆက်က၊ ချူစီအမည်ရှိ အတိမ္မာဆရာသည်စာအုပ်ပေါင်း မြောက်မြားစွာ ရေးသားခဲ့၏၊ စကားလည်း များစွာ ပြောကြားခဲ့၏။ ၎င်းကိုလူတို့က မေ့ပျောက် သွားသော်လည်း မမေ့ပျောက်နိုင်သေးသော စကားတခွန်းကားရှိသေးသည်၊ ၎င်း

မှာ "သင့်ကို သူတပါးကလုပ်သလို သင်ကလည်းသူ့ကိုပြန်လုပ်" (၁၃)ဟူ၍ပင် ဖြစ်သည်။ ကျွန်ုပ်တို့ ဤအတိုင်းပင် လုပ်သည်။ ဆိုလိုရင်းကား ကျွန်ုပ်တို့ကို နယ်ချဲ့ သမားများနှင့် ၎င်းတို့၏ နောက်လိုက်ခွေး ချန်ကေရှိတ် ဖေါက်ပြန်ရေး သမား များက လုပ်သလို၊ သူတို့ကို ကျွန်ုပ်တို့ကပြန်လုပ်သည်။ ဤအတိုင်းပင်ဖြစ်သည်၊ အခြားဘာများ ရှိရဦးမှာတုန်း။

တော်လှန်သည့် အာဏာရှင်စနစ်နှင့် တန်ပြန် တော်လှန်ရေး အာဏာရှင်စနစ်တို့သည် အနှစ်သာရအားဖြင့် ဆန့်ကျင်ဖက် ဖြစ်ကြသည်။ ပထမစနစ်သည် ဒုတိယ စနစ်မှ လေ့လာသင်ယူခြင်း ဖြစ်သည်။ ဤလေ့လာ သင်ယူမှုသည် လွန်စွာ အရေးကြီးပေသည်။ တော်လှန်သော ပြည်သူများက တန်ပြန် တော်လှန် ရေး လူတန်းစားများအပေါ် အုပ်စိုးသည့်ယင်းနည်းနာကိုမလေ့လာ မသင်ယူခဲ့လျှင်၊ သူတို့သည် အာဏာကို မထိန်းသိမ်းနိုင်၊ သူတို့၏ အစိုးရ အာဏာသည်ပြည်တွင်းပြည်ပဖေါက်ပြန်ရေးသမားများ၏ တွန်းလှန်ဖြိုချခြင်းကို ခံရလိမ့်မည်၊ ပြည်တွင်းပြည်ပဖေါက်ပြန်ရေးသမားများသည် တရုပ်ပြည်၌ အာဏာပြန်ရလာကာ၊ တော်လှန်သော ပြည်သူများအဖို့ ဒုက္ခသုက္ခအပေါင်းနှင့်ကြုံတွေ့ရလိမ့်မည်ဖြစ်၏။

ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်၏ အခြေခံ အုတ်မြစ်သည် အလုပ်သမား လူတန်းစား လယ်သမား လူတန်းစားနှင့် မြို့နေဓနရှင်ပေါက်စ လူတန်းစားများ၏ မဟာမိတ်ဖွဲ့ထားခြင်း ပင် ဖြစ်သည်။ အဓိကမှာ အလုပ်သမား လူတန်းစားနှင့် လယ် သမား လူတန်းစားတို့၏ မဟာမိတ်ပင်ဖြစ်၏။ အကြောင်းမူကား

ဤလူတန်းစား ၂ခု၏ လူဦးရေသည် တရုပ်ပြည်လူဦးရေ၏ ရာခိုင်နှုန်း(၈၁)မှ(၉၀)အထိရှိနေသောကြောင့်ဖြစ်၏။ နယ်ချဲ့စနစ်နှင့် ကိုမင်တန် ပေါက်ပြန်ရေးသမားများကို တန်းလှန် ဖြိုချ ရာတွင် ဤလူတန်းစား ၂ခု၏ အင်အားသည် အဓိကအင်အား ဖြစ်သည်။ ဒီမိုကရေစီစနစ်သစ်မှ ဆိုရှယ်လစ် စနစ်သို့ ကူးပြောင်း ရာတွင်၊ ဤလူတန်းစား ၂ခု မဟာမိတ်ဖွဲ့သွားခြင်းအပေါ် အဓိကမှီခိုအားထားရမည်ဖြစ်၏။

ပြည်သူ့ဒီမိုကရေစီ အာဏာရှင် စနစ်သည် အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုကို လိုအပ်သည်။အကြောင်းမူကား အလုပ်သမားလူတန်းစားသာလျှင် အမြင်အကျယ်ဆုံး၊ကိုယ်ကျိုးမငဲ့ အဆုံးတိုင် တော်လှန်ရေးလုပ်မည့် အရည်အချင်းနှင့်အပြည့်အစုံဆုံး ဖြစ်သောကြောင့် ဖြစ်သည်။ အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုမရှိလျှင် တော်လှန်ရေးရှုံးနိမ့်သွားလိမ့်မည်၊ အလုပ်သမား လူတန်းစား၏ ခေါင်းဆောင်မှုရှိလျှင်၊ တော် လှန်ရေးအောင်ပွဲရနိုင်ကြောင်းကို တော်လှန်ရေး သမိုင်းတရပ်လုံးက သက်သေတင်လျက်ရှိသည်။ နယ်ချဲ့စနစ်ခေတ်၌ မည်သည့်နိုင်ငံတွင်ပင်မဆို အခြားမည်သည့် လူတန်းစားကမျှ စစ်မှန်သည့်ဘယ် တော်လှန်ရေးကိုမဆို အောင်ပွဲရသည်အထိ ခေါင်းဆောင်သွားနိုင်လိမ့်မည်မဟုတ်ချေ။တရုပ်ပြည်၏ နေရှင်ပေါက်စလူတန်းစားနှင့် အမျိုးသား နေရှင်လူတန်းစားတို့ အကြိမ်ပေါင်း များစွာ ခေါင်းဆောင်ခဲ့ကြသည့် တော်လှန်ရေးများ ရှုံးနိမ့်သွားခဲ့ကြခြင်းမှာထင်ရှားသည့် သက်သေသာဓကပင်ဖြစ်သည်။

အမျိုးသား နေရှင်လူတန်းစားသည် ယခုအဆင့်တွင် လွန်စွာအပင် ရေးကြီးသည်၊ ကျွန်ုပ်တို့၏အနီးတွင် နယ်ချဲ့သမားများ

ရပ်တည်နေသည်၊ ယင်းရန်သူသည် လွန်စွာပင် ကြမ်းကြုတ်ဆိုးဝါးလှသည်၊ တရုတ်ပြည်၏ အမျိုးသားစီးပွါးရေး တရပ်လုံးတွင် ခေတ်မှီစက်မှုလုပ်ငန်းအမျိုးအစားမှာ လွန်စွာပင်သေးငယ်၏၊ ယခုအခါ၌ အားကိုးလောက်သည့် ဂဏန်းအရေအတွက်မရှိသေး အချက်အလက်အချို့အရ ခန့်မှန်းကြည့်လျှင် ဂျပန်ခုခံဆန့်ကျင်ရေးစစ်မတိုင်မီက ခေတ်မှီစက်မှုလုပ်ငန်း၏ ထုတ်လုပ်ရေး ထွက်ကုန်တန်ဖိုးသည် တနိုင်ငံလုံးရှိ အမျိုးသားစီးပွါးရေးတရပ်လုံး၏ စုစုပေါင်း ထုတ်လုပ်ရေးထွက်ကုန်တန်ဖိုး၏ ၁၀/ ရာခိုင်နှုန်းမျှသာရှိသည်၊ နယ်ချဲ့သမားများ၏ ဖိနှိပ်မှုကို ရင်ဆိုင်တိုက်ခိုက်ရန်အတွက် ခေတ်နောက်ကျသော စီးပွါးရေးမှတဆင့် မြှင့်တင်ပေးရန်အတွက် တရုတ်ပြည်သည် အမျိုးသားစီမံကိန်းနှင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းကို မထိခိုက်ဘဲ အကျိုးဖြစ်ထွန်းစေသော မြို့နှင့်ကျေးလက်မှ အရင်းရှင်စနစ် အစိတ်အပိုင်းကို အသုံးပြုရမည်၊ အမျိုးသားဓနရှင်လူတန်းစားနှင့်သွေးစည်းကာ အတူတကွ အားထုတ်တိုက်ခိုက်ရမည်၊ ကျွန်ုပ်တို့၏ လက်ရှိလမ်းညွှန်ချက်မှာ အရင်းရှင်စနစ်ကို ကန့်သတ်ချုပ်ထိန်းရေးဖြစ်သည်၊ အရင်းရှင်စနစ်ကိုချေမှုန်းရေးမဟုတ်ချေ၊ သို့ရာတွင် အမျိုးသားဓနရှင်လူတန်းစားသည် တော်လှန်ရေး ဦးဆောင်သူလုပ်၍ မဖြစ်နိုင်၊ တိုင်းပြည်နိုင်ငံရေး အာဏာထဲ၌လည်း အဓိက နေရာမရသင့်သည့် အကြောင်းရင်းကား အမျိုးသားဓနရှင် လူတန်းစား၏ လူမှုစီးပွါးရေး နေရာအဆင့်က သူတို့၏ ပျော့ညံ့မှု သူတို့၏ အမြော်အမြင်မကျယ်မှု သတ္တိမပြည့်စုံမှု ထို့ပြင် မနည်းလှသူတို့သည် လူထုကို ကြောက်ရွံ့မှုစသည်များကြောင့်ပင်ဖြစ်၏။

ဆွန်ယက်ဆင်က "ပြည်သူလူထုများကို နှိုးဆော်ရန်" သို့မဟုတ် "လယ်သမားနှင့် အလုပ်သမားကို အားပေးကူညီရန်" တိုက်တွန်းခဲ့၏၊ သူတို့ကို ဘယ်သူက "နှိုးဆော်" မည်နည်း၊ "အားပေးကူညီ" မည်နည်း၊ ဆွန်ယက်ဆင်၏ အလိုအရ ဓနရှင်ပေါက်စ လူတန်းစားနှင့် အမျိုးသား ဓနရှင်လူတန်းစားတို့က လုပ်ရမည်၊ သို့သော် တကယ်စင်စစ်အားဖြင့် လုပ်၍မဖြစ်နိုင်ပေ၊ ဆွန်ယက်ဆင်၏အနှစ်(၄၀) တော်လှန်ရေးသည် ရှုံးနိမ့်သွားခဲ့လေသည်၊ အဘယ်ကြောင့်နည်း နယ်ချဲ့စနစ်ခေတ်၌ ဓနရှင်ပေါက်စ လူတန်းစားနှင့် အမျိုးသားဓနရှင် လူတန်းစားများသည် မည်သည့်စစ်မှန်သော တော်လှန်ရေးကိုမဆို အောင်ပွဲရသည်အထိ ခေါင်းမဆောင်နိုင်သောကြောင့်ဖြစ်၏။

ကျွန်ုပ်တို့၏(၂၈)နှစ်ကား ၎င်းနှင့် လွန်စွာခြားနားပေသည်၊ ကျွန်ုပ်တို့တွင် အဖိုးထိုက်တန်သော အတွေ့အကြုံ အမြောက်အမြား ရရှိခဲ့သည်၊ စည်းကမ်းရှိသည့် မာ့က်စ်လီနင်ဝါဒသဘောတရား တပ်ဆင်ထားသည့် ကိုယ့်ကိုယ်ကို ဝေဖန်သောနည်းကို ကျင့်သုံးသည့် ပြည်သူလူထုနှင့် ဆက်သွယ်နေသည့် ပါတီတရပ်ရှိသည်၊ ဤသို့သော ပါတီခေါင်းဆောင်နေသော တပ်မတော်ကြီးတခုရှိသည်၊ ဤသို့သောပါတီက ခေါင်းဆောင်နေသော တော်လှန်သည့် လူတန်းစားအသီးသီး တော်လှန်သည့် ဂိုဏ်းအသီးသီးပါဝင်သော ညီညွတ်ရေးတပ်ပေါင်းစုတခုရှိပေသည်၊ ဤ(၃)ချက်သည် ရန်သူကို ကျွန်ုပ်တို့အနိုင်တိုက်နိုင်သည့် အဓိကလက်နက်များဖြစ်သည်၊ ၎င်းတို့သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့အရင်က လုပ်ကိုင်ခဲ့ကြသူတို့ ကွဲပြားခြားနားချက်ဖြစ်သည်၊ ဤအချက်(၃)ချက်ကို အမှီပြုပြီး ကျွန်ုပ်တို့သည် အခြေခံအောင်ပွဲ

ကို ဆွတ်ခူးခဲ့သည်၊ ကျွန်ုပ်တို့သည် ကွေ့ကောက်သော လမ်းကြောင်းကို ဖြတ်သန်းခဲ့ဘူး၏၊ ကျွန်ုပ်တို့သည် ပါတီတွင်းရှိ လက်ျာနှင့် "လက်ဝဲ" အချောင်ဝါဒသွေဖီမှုများကို တိုက်ခိုက်ခဲ့သည်၊ ဤအချက်(၃)ချက်တွင် ကြီးလေးသော အမှားများကို ကျူးလွန်မိသည့်အခါတိုင်း တော်လှန်ရေးသည် နောက်ဆုတ်သွားလေသည်၊ အမှားများနှင့် နောက်ဆုတ်သွားမှုများက ကျွန်ုပ်တို့ကို ပညာပေးခဲ့သဖြင့် ကျွန်ုပ်တို့အား ပို၍ဉာဏ်ဆက်လာစေကာ ကျွန်ုပ်တို့၏လုပ်ငန်းကို ပို၍ကောင်းမွန်အောင် လုပ်ကိုင်နိုင်သည်၊ မည်သည့်နိုင်ငံရေးပါတီမဆို မည်သည့်ပုဂ္ဂိုလ်မဆို အမှားများကို ရှောင်လွဲနိုင်ကြမည်မဟုတ်၊ သို့သော်—ကျွန်ုပ်တို့သည် အမှားများကို နည်းနိုင်သလောက် နည်းအောင် ပြုလုပ်ရန် လိုအပ်ပေသည်၊ အမှားများကို ကျူးလွန်မိလျှင် ပြင်ဆင်ဖို့လိုသည်၊ လျှင်မြန်စွာပြင်ဆင်လေ၊ ကုန်စင်အောင်ပြင်ဆင်လေ၊ ပို၍ပင်ကောင်းလေဖြစ်သည်။

ကျွန်ုပ်တို့၏ အတွေ့အကြုံများကို အချက်တချက်တည်းဖြင့် စုပေါင်းနိဂုံးချုပ်လိုက်လျှင် အလုပ်သမားလူတန်းစား (ကွန်မြူနစ်ပါတီမှတဆင့်) ခေါင်းဆောင်သော အလုပ်သမား လူတန်းစားနှင့် လယ်သမားလူတန်းစား မဟာမိတ်ဖွဲ့ခြင်းကို အခြေပြုသော ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ပင်ဖြစ်သည်၊ ၎င်းအာဏာရှင်စနစ်သည် နိုင်ငံတကာ့ တော်လှန်ရေး အင်အားစုများနှင့် တညီတညွတ်တည်းဖြစ်အောင် လုပ်ရပေသည်၊ ၎င်းကား ကျွန်ုပ်တို့၏ ပေါ်ပြူလာဖြစ်သည်၊ ကျွန်ုပ်တို့၏ အဓိက အတွေ့အကြုံဖြစ်သည်၊ ကျွန်ုပ်တို့၏အဓိက လုပ်ငန်းစဉ်ဖြစ်၏။

ပါတီ၏(၂၈)နှစ်ကာလမှာ အချိန်ရှည်ကြာသော ကာလ အပိုင်းအခြား တရပ်ဖြစ်သည်၊ ကျွန်ုပ်တို့သည် အလုပ်တခုကိုသာ လုပ်ခဲ့သည်၊ ၎င်းမှာ တော်လှန်ရေးစစ်ဖြင့် အခြေခံအောင်ပွဲကို ရအောင် လုပ်ခြင်းပင်ဖြစ်ပေသည်၊ ၎င်းကို အထိမ်းအမှတ်ပြု လိုက်သည်၊ အကြောင်းမှကား ထိုအောင်ပွဲသည် ပြည်သူ့ အောင်ပွဲဖြစ်သောကြောင့်ဖြစ်သည်၊ တရုပ်ပြည်ကဲ့သို့ ကြီးမားလှသည့် နိုင်ငံတနိုင်ငံတွင် အောင်ပွဲခံယူသောကြောင့်လည်း ဖြစ်ပေသည်၊ သို့သော် ကျွန်ုပ်တို့ဆောင်ရွက်ရမည့် အလုပ်များစွာ ပင်ရှိနေသေး၏၊ လမ်းလျှောက်ခြင်းကို ဥပမာထား၍ပြောရလျှင် အတိတ်က လုပ်ဆောင်ပြီးခဲ့သမျှသည် မိုင်ပေါင်း(၁)သောင်း ခရီးရှည် ချီတက်ပွဲတွင် ပထမ ခြေလှမ်းမျှသာဖြစ်သည်။ ကျွန်ုပ်တို့ သည် ရန်သူအကြွင်းအကျန်များကို ရှင်းလင်း သုတ်သင်ရဦးမည်၊ ကြီးလေးလှသော စီးပွားရေး တည်ထောင်မှုတာဝန်သည် ကျွန်ုပ် တို့၏ ရှေ့မှောက်မှာရှိနေပြန်သည်။ ကျွန်ုပ်တို့အဖို့ ကျွမ်းကျင်ခဲ့ သော အရာအချို့ကို မကြာမီ ဘေးချိတ်ထားတော့မည် ဖြစ်ပြီး၊ ကျွန်ုပ်တို့မကျွမ်းကျင်သည့် အရာများကို မလုပ်မနေရ လုပ်ရလိမ့် မည်။ ဤသည်ကား အခက်အခဲများဖြစ်သည်။ နယ်ချဲ့သမား များက ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းကိုကောင်းမွန်အောင် မလုပ်နိုင်ဟု ထပ်ခါတွက်ဆကြသည် သူတို့သည် ဘေးကရပ် ကြည့်နေကြ၏။ ကျွန်ုပ်တို့ပျက်စီးဆုံးရှုံးမည့် အရေးကို စောင့် ဆိုင်းနေကြ၏။

ကျွန်ုပ်တို့သည် အခက်အခဲများကို ကျော်နင်းရမည်၊ မိမိတို့ မသိသေးသော အရာများကို တတ်မြောက်လာအောင် လေ့လာ

ရမည်။ ကျွန်ုပ်တို့သည် ကျွမ်းကျင်သူအားလုံးထံမှ (မည်သူမဆို) စီးပွားရေး လုပ်ငန်းကို လေ့လာသင်ယူရမည်၊ သူတို့ကိုဆရာတင်ပြီး ရိုသေလေးစားစွာ ဆည်းပူးရမည်။ ရိုးသား ဖြောင့်မတ်စွာ ဆည်းပူးရမည်။ မတတ်လျှင် မတတ်ဘူးပေါ့၊ တတ်ယောင်ကားတော့ မလုပ်ကြနှင့်၊ မြူရိုကရက်ဂိုက်မဖမ်းကြနှင့်၊ နှိုက်နှိုက် ချွတ်ချွတ် ဆည်းပူးကြ၊ လအနည်းငယ် ၁နှစ် ၂နှစ် ၃နှစ် သို့မဟုတ် ၅နှစ်အတွင်းတနေ့နေ့တွင် တတ်မြောက် နားလည် လာလိမ့်မည်။ ဆိုဗီယက် ကွန်မြူနစ်တွေလည်း အစက စီးပွားရေး လုပ်ငန်းများကို တချို့လူများ သိပ်နားမလည် မလုပ်တတ်ကြချေ၊ သူတို့၏ ပျက်စီးဆုံးရှုံးမည့် အရေးကို နယ်ချဲ့သမားက စောင့်ကြည့်ခဲ့သည်။ သို့ရာတွင် ဆိုဗီယက် ကွန်မြူနစ်ပါတီသည် အောင်မြင်ခဲ့လေပြီ။ သူတို့သည် လီနင်နှင့် စတာလင်၏ ခေါင်းဆောင်မှုအောက်၌ တော်လှန်ရေးလည်း လုပ်တတ်သည်၊ တည်ဆောက်ရေးလည်း လုပ်ကိုင်တတ်သည်။ သူတို့ကြီးမြတ်သော ထွန်းလင်းတောက်ပြောင်သော ဆိုရှယ်လစ်နိုင်ငံကြီး တနိုင်ငံကို တည်ဆောက်ခဲ့လေသည်။ ဆိုဗီယက် ကွန်မြူနစ် ပါတီသည် ကျွန်ုပ် တို့၏ အကောင်းဆုံးသော ဆရာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည်ဆိုဗီယက် ကွန်မြူနစ်ပါတီမှ ဆည်းပူးလေ့လာယူရမည်။ နိုင်ငံတကာ့အခြေအနေနှင့်ပြည်တွင်းအခြေအနေသည်ကျွန်ုပ်တို့အဖို့အကျိုးရှိသည်၊ ကျွန်ုပ်တို့သည် ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ကို လက်နက်အဖြစ်ဖြင့်၊ လုံးဝအားထားအသုံးပြု၍ ဖေါက်ပြန်ရေး သမားမှတပါး တနိုင်ငံလုံးရှိ ပြည်သူလူထုနှင့် စည်းလုံး ညီညွတ်စွာဖြင့် ရည်ရွယ်ချက် ပန်းတိုင်သို့တဖြည်းဖြည်း ချီတက် သွားနိုင်လိမ့်မည် ဖြစ်သတည်း။

ရှင်းချက်

(၁) "ကမ္ဘာ့ဘုံလောက"သည် အများပိုင်စနစ်ကို အခြေပြု၍ လူတန်းစားသွေးစုတ်မှုမဲ့သော လူတန်းစားဖိနှိပ်မှုမဲ့သော လူ့အဖွဲ့အစည်း တည်ထောင်ရေးကို ဆိုလိုသည်၊ ယင်းလောကသည် အချိန်ကြာရှည်စွာကပင် တရုပ်ပြည်သူလူထုတို့ တမ်းတခဲ့သည်၊ အလွန်ကောင်းမွန်သော ရည်မှန်းချက်ဖြစ်ပေသည်၊ ဤနေရာတွင် ကမ္ဘာ့ဘုံလောကသည် ကွန်မြူနစ်လောကကို ဆိုလိုသည်။

(၂) "ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုအတွင်းမှ "လက်ဝဲ" ဂိုဏ်းသူငယ်နာ" ဟူသော စာအုပ်၏ အခန်း (၂)ကိုရှုပါ၊ ထိုစာအုပ်၌ "လွန်ခဲ့သည့် ရာစုနှစ်၏ အနှစ် ၄၀ မှ ၉၀ ပိုင်းအထိ ရာစုနှစ်ဝက်လောက်ကာလတွင် ရုရှားပြည် တိုးတက်သော တွေးခေါ်မှုနယ်ပယ်သည် မကြုံစဖူး ရိုင်းပြပေါက်ပြန်သည့် ဇာဘုရင်စနစ်၏ ဖိနှိပ်မှုအောက်၌ မှန်ကန်သော တော်လှန်ရေးသဘောတရားကို အာသာတငမ်းငမ်းဖြင့် ရှာဖွေကြ၏၊ ဥရောပတိုက်နှင့် အမေရိကန်တိုက်များမှ ဤဖက်ကပေါ် ထွက်လာသော "တီထွင်ဖန်တီးမှုသစ်" တိုင်းကို မပင်နိုင် မပန်းနိုင် လေ့လာကြ၏၊ အရေးတကြီး ဂရုစိုက်ကြ၏၊ ရုရှားပြည်သည် ကြားရသူများ မယုံကြည်နိုင်လောက်အောင် ဆင်းရဲဒုက္ခနှင့် ဆုံးရှုံးနစ်နာမှုများကို ရာစုနှစ်ဝက် ကာလမျှ တကယ်ပင်ခံစားရ၏၊ ဘယ်တုန်းကမျှ မရှိခဲ့ဘူးသော တော်လှန်သည့်

သူရဲကောင်းဝံ့သတ္တိ ပြောမယုံလောက်သည့် ကြိုးပန်းမှု ကိုယ်ကျိုးမဖက်သည့် စိတ်ဓါတ်များဖြင့် ရှာဖွေခဲ့ လေ့လာခဲ့ကြ၏၊ လက်တွေ့စမ်းသပ်ခဲ့ကြ၏၊ သူတို့သည် မြော်လင့်ချက်မဲ့မှုလည်း ရှိခဲ့သည်၊ အောင်မြင်ရသည့် အခါရေး နိမ့်ရသည့် အကြောင်းရင်းများသို့ စိစ်ဆေးကြသည်၊ ဥရောပအတွေ့အကြုံများကို ကိုးကားအထောက်အထား ပြုကြသည်၊ နောက်ဆုံးတွင် မာ့ခ်စ်ဝါဒဟူသည့် ဤတခုတည်းသော မှန်ကန်သော တော်လှန်ရေးသဘောတရားကို ရရှိခဲ့ပေသည်”ဟု လီနင်က ရေးသားခဲ့သည်။

(၃) ၁၈/ရာစုနှစ် နောက်ပိုင်း နှစ်ဆယ်ပေါင်းအချိန်တွင် အင်္ဂလိပ်သည် တရုပ်ပြည်သို့ ဘိန်းများကို တနေ့ထက် တနေ့ တိုးတက်တင်သွင်းခဲ့၏၊ ဘိန်းများဝင်လာသဖြင့် တရုပ်ပြည်သူများကို ဆိုးဝါးစွာ အဆိပ်မိစေသည့်ပြင် တရုပ်ငွေဒင်္ဂါး မြောက်မြားစွာကို လုယူသွားကြ၏၊ ထို့ကြောင့် ဘိန်းအရောင်းအဝယ်ကို တရုပ်ပြည်က ဆန့်ကျင်၏၊ ၁၈၄၀-ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ကူးသန်းရောင်းဝယ်ရေးကို ကာကွယ်ရန်အကြောင်းပြကာ တရုပ်ပြည်ကို လက်နက်ကိုင်တပ်များနှင့် ကျူးကျော်စော်ကားခဲ့သည်၊ လင်ကျက်ရှုကွပ်ကဲသည့် တရုပ်စစ်တပ်များ ကခုခံတိုက်ခိုက်ရေးစစ်ပွဲ ဆင်နွှဲခဲ့ကြလေသည်၊ “အင်္ဂလိပ်နယ်ချဲ့ နှိပ်နင်းရေးအဖွဲ့”ကို ကွမ်ကြိုးမြို့ရှိ ပြည်သူလူထုတို့က မိမိတို့ဘာသာ ဖွဲ့စည်းခဲ့ပြီး အင်္ဂလိပ်ကျူးကျော်သည့်တပ်များကို ထိုးနှက်တိုက်ခိုက်ခဲ့၏၊ ၁၈၄၂-ခုနှစ်

တွင် ပုပ်သိုးဆွေးမြေ့နေသည့်ချင်းမင်းဆက်အစိုးရသည် အင်္ဂလိပ်ကျူးကျော်ရေးသမားနှင့် "နန်ကင်းစာချုပ်" ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့လေသည်၊ ဤစာချုပ်တွင် စစ်လျော်ကြေးပေးရန်နှင့် ဟောင်ကောင်ကို အင်္ဂလိပ်လက်အပ်ရန် ထို့ပြင် ရှန်ဟဲ၊ ဖုကြိုး၊ ရှာ့မင်၊ ညင်းပိုး၊ ကွမ်းကြိုး မြို့ကြီး ၅-ခုကို ဝင်ထွက်သွားလာနိုင်သည့် ကူးသန်းရောင်းဝယ်ရေးမြို့အဖြစ်ထားရန် တရုပ်ပြည်သို့ တင်သွင်းသော အင်္ဂလိပ်သွင်းကုန် အကောက်နှုန်းကို တရုပ်အင်္ဂလိပ် နှစ်နိုင်ငံအတူတကွ ဆွေးနွေးတိုင်ပင် သတ်မှတ်ရန်ဟူသည့်အချက်များ ပါလေသည်။

(၄) ဟုန်ရှုချွန်သည် (၁၈၁၄ မှ ၁၈၆၄-အထိ) ကွမ်တုန်းပြည်နယ် ဝှာခရိုင်သားဖြစ်သည်၊ ၁၉/ရာစုနှစ် အလယ်ပိုင်းတွင် လယ်သမားတော်လှန်ရေးစစ်ပွဲ၏ ခေါင်းဆောင်ဖြစ်သည်၊ သူသည် ၁၈၅၁-ခုနှစ်က ကွမ်ရှီးပြည်နယ် ကွေ့ပင်ခရိုင် ကျင်ချင်ရွာတွင် လူထုကိုခေါင်းဆောင်၍ တော်လှန်ပုန်ကန်ကာ "နိဗ္ဗာန်ရွှေပြည်" တည်ထောင်ကြောင်း ကြေညာသည်၊ ချင်းမင်းဆက်၏ ပဒေသရာဇ်အုပ်စိုးမှုနှင့် ၁၄-နှစ်ကြာ တိုက်ခိုက်ခဲ့သည်။

(၅) ခန်ယူဝေသည် (၁၈၅၈-၁၉၂၇-ခုနှစ်) ကွမ်တုန်းပြည်နယ် နန်ဟိုင်းသားဖြစ်သည်၊ ၁၈၉၄-ခုနှစ် ဂျပန်ကတိုက်၍ တရုပ်ပြည် ရှုံးနိမ့်ရပြီးနောက် ပီကင်းမြို့တော်ရေးစာပြန်ပွဲသို့ တက်ရောက်ပါဝင်သူ ၁-ထောင့် ၃-ရာကို သူကခေါင်းဆောင်၍ "စာလုံး ၁-သောင်းပါ လျှောက်

လွှာ”တွင် မိမိတို့ ပူးတွဲလက်မှတ်များ ရေးထိုးပြီး ကွမ်းရှိုးဘုရင်ထံ တင်သွင်းခဲ့လေသည်၊ ၎င်းစာတွင် “ဥပဒေဟောင်းများကို ပြင်ဆင်ရန်နှင့် ဥပဒေသစ် ပြောင်းလဲ လုပ်ဆောင်ရန်” တောင်းဆိုထား၏၊ သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ ဘုရင်စနစ်အဖြစ်သို့ ပြုပြင်ပြောင်းလဲရန်တောင်းဆိုထား၏။ ၁၈၉၈ ခုနှစ်တွင် ကွမ်းရှိုးဘုရင်က ဥပဒေဟောင်းများကို ပြင်ဆင်ရန်၊ စမ်းသပ် လုပ်ဆောင်ရန် အတွက် ခန်ယူဝေနှင့် ထမ်းဆေထုံ၊ လျံချီဆောင် စသူများကို အစိုးရ အကြံပေးအရာရှိ ရာထူး ခန့်အပ်ခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ ခေါင်းမာဂိုဏ်း ကိုယ်စားပြုသူ ကျူရှီမိဘုရားကြီးက နိုင်ငံရေး အာဏာကို ပြန် လည် သိမ်းပိုက်လိုက်သဖြင့် ဥပဒေသစ် လှုပ်ရှားမှုမှာရုတ်ခြည်း ဆုံးရှုံးသွားရလေသည်။ ခန်ယူဝေနှင့် လျံချီဆောင်တို့သည် နိုင်ငံခြားသို့ ထွက်ပြေးတိမ်းရှောင်ပြီး ဘုရင်စနစ် ကာကွယ်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ကာ၊ မန်ချူ လူတန်းစားနှင့် မန်ချူပေါ်ကစ လူတန်းစားတို့၏ တော်လှန်ရေးဂိုဏ်းကို ကိုယ်စားပြုသော ဆွန်ယက်ဆင်နှင့် ဆန့်ကျင်ဖက် ပြုလုပ်လိုက်သဖြင့် ဖေါက်ပြန်သော နိုင်ငံရေး ဂိုဏ်းအဖြစ်သို့ ပြောင်းလဲသွားလေသည်။ ခန်ယူဝေ ရေးသားခဲ့သော စာအုပ်များမှာ၊ “ကွန်ဖြူးရှပ်စံ…င်ကျမ်း ကိုဆန်းစစ်သုံးသပ်ခြင်း”၊ “ကွန်ဖြူးရှပ်ပြုပြင်သည့်စနစ် ကိုဆန်းစစ်ခြင်း”၊ “ကမ္ဘာ့ဘုံလောက” စသော စာအုပ် များဖြစ်ပေသည်။

(၆) ယမ်ဖုဆိုသူမှာ (၁၈၅၃ခုနှစ်မှ၁၉၂၁ခုနှစ် အထိ) ဖုကျင့် ပြည်နယ် မင်ဟူခရိုင်သားဖြစ်သည်၊ သူသည်အင်္ဂလန်ပြည် ရေတပ်ကျောင်းသို့သွားရောက်ပညာ ဆည်းပူးခဲ့ဘူးသည် ၁၈၉၄ခုနှစ် တရုပ်ဂျပန် စစ်ပွဲပြီးနောက်တွင်၊ သူကဖွဲ့စည်း အုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ ဘုရင်စနစ်ကို ကျင့်သုံးရန် နှင့် ဥပဒေဟောင်းများကို ပြင်ဆင်ရန် ဥပဒေသစ်များ ပြောင်းလဲ လုပ်ဆောင်ရန်ဟု တွန်းခဲ့ပေသည်။ သူသည် တီ အိပ် ဟူကာလီ၏ "တစတစပြောင်းလဲရေးနိတိ"၊ အဒမ် စမစ်၏ "နိုင်ငံတော်၏ ဘဏ္ဍာပစ္စည်းများ" ဂျေအစ်မိ၏ "လောဂျစ်စနစ်"၊ မွန်တက် စကျူက်၏ "တရားဥပဒေ ဓိတ်ဓါတ်" စသော စာအုပ်များကို တရုပ် ဘာသာသို့ ပြန်ဆိုခြင်းဖြင့် တရုပ်ပြည်တွင် ဥရောပမနရှင်လူတန်းစား ပေါ်ပေါက်မှုကို ဝါဒဖြန့်ခဲ့လေသည်။

(၇) စာမေးပွဲစနစ်ဟောင်းမှာ တရုပ်ပြည်တွင် မူလ တည်ရှိခဲ့ သော ပဒေသရာဇ် စာမေးပွဲ စနစ် ကို ဆို လို သည်။ "ကျောင်း"များမှာထိုစဉ်ကဥရောပနှင့်အမေရိကတိုက်ရှိ အရင်းရှင် နိုင်ငံများ၏ ပညာရေးစနစ်အားအတုယူခြင်း ကိုဆိုလိုသည်။ ၁၉/ရာစုနှစ် နောက်ပိုင်းတွင် တရုပ်ပြည် ပညာတတ်များ၏ တော်လှန်ပြုပြင်ရေးဂိုဏ်းသစ်က၊ စာ မေးပွဲစနစ်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းများဖွင့်လှစ် ရန် တိုက်တွန်းခဲ့ပေသည်။

(၈) ၁၉၁၁ ခုနှစ် တော်လှန်ရေး(ဝါ)ရှင်ဟိုင် တော်လှန်ရေး သည်၊ ၁၉၁၁ ခုနှစ်က ချင်းမင်းဆက် အာဏာရှင် စနစ်

အစိုးရကို တွန်းလှန်သော ဓနရှင်လူတန်းစား၏တော်လှန်ရေးဖြစ်သည်။ ထိုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့၌ တော်လှန်ရေးဂယက်ရိုက်ခတ်ခြင်းခံခဲ့ရသောတပ်မတော်သစ်အချို့သည် ဝူချန်းမြို့တွင် တော်လှန် ပုန်ကန်ကြသည်။ တဆက်တည်း၌၊ ပြည်နယ် အသီးသီးရှိ ဓနရှင်လူတန်းစား၊ဓနရှင်ပေါက်စ လူတန်းစား၏ တော် လှန်သည့် အဖွဲ့အစည်း များနှင့် ကျယ်ပြန့်သော အလုပ်သမား၊ လယ် သ မား၊ စစ်သား လူထု များ က ၎င်းတော်လှန်ရေးကို တက်တက်ကြွကြွ ထောက်ခံ အားပေးခဲ့ကြသောကြောင့်၊ချင်းမင်းဆက်ဖေါက်ပြန်သည့် အုပ်စိုးမှုသည် လျှင်မြန်စွာ ပြိုလဲပျက်စီးသွားလေသည်။ ၁၉၁၂ ခုနှစ်ဇန်နဝါရီလ၌ နန်ကင်းမြို့တွင် တရုပ် အမျိုးသားယာယီ အစိုးရကို တည်ထောင်ဖွဲ့စည်းပြီးယာယီသမတကြီးအဖြစ် ဆွန်ယက်ဆင်ကိုတင်မြှောက်ခဲ့၏။ထို့ကြောင့် တိုအချိန်မှစ၍ နှစ် ပေါင်း ၂၀၀၀ ကျော် ကြာခဲ့သည့် တရုပ်ပဒေသရာဇ်ဘုရင်စနစ်သည် ပျက်စီး ပျောက်ကွယ်သွားပြီး၊ ဒီမိုကရေစီ သမတ နိုင်ငံအယူအဆသည် ပြည်သူလူထုများ၏ စိတ်ထဲတွင် နက်ရှိုင်းစွာ ကျန်ရစ်နေပေသည်။ သို့ရာတွင် ထိုတော်လှန်ရေးကိုခေါင်းဆောင်သော ဓနရှင် လူတန်းစားသည် စေ့စပ် လိုသည့်စိတ် ပြင်းထန်စွာ ရှိနေသဖြင့် သူတို့သည် ကျေးလက်တွင် မြေရှင်လူတန်းစား၏ ပဒေသရာဇ်အုပ်စိုးမှုကို ချေမှုန်းရန် လယ်သမားထုအား ကျယ်ပြန့်စွာလှုံ့ဆော်ခြင်းမပြုလုပ်ခဲ့ချေ။ ထိုသို့မလုပ်ရုံမက နယ်ချဲ့သမားနှင့် ပဒေသရာဇ်

အင်အားစုတို့၏ ဖိအားကြောင့် အစိုးရ အာဏာကို တရုပ်ပြည် မြောက်ပိုင်း စစ်ဘုရင် ယွမ်စစ်ခိုင် လက်သို့ ထိုးအပ်ခဲ့၏။ ထို့ကြောင့် ထိုတော်လှန်ရေးသည်နောက်ဆုံး၌ အရေးနိမ့်ခဲ့လေသည်။

(၉) မေလ၄ရက်နေ့အရေးတော်ပုံ။ ။၁၉၁၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ဖြစ်ပွားခဲ့သော နယ်ချဲ့နှင့်ပဒေသရာဇ်ကို ဆန့်ကျင်သည့် တော်လှန်ရေး လှုပ်ရှားမှုကိုဆိုလိုသည်။ ၁၉၁၉ခုနှစ် ပထမနှစ်ဝက်တွင် ပထမ ကမ္ဘာစစ်ကြီး၌ စစ်နိုင်သော အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကံ၊ ဂျပန်၊ အီတလီစသည့် နယ်ချဲ့နိုင်ငံများသည် ဝေစုခွဲရန် ပဲရစ်မြို့တွင် အစည်းအဝေးထိုင်ကြ၏၊ တရုပ်ပြည် စန်းတုန်းပြည်နယ်ရှိ ဂျာမဏီ၏ အခွင့်အာဏာအထူးအမျိုးမျိုးကိုဂျပန်အားပေးရန် ဆုံးဖြတ်ခဲ့၏၊ ပီကင်းမြို့ရှိ ကျောင်းသူကျောင်းသားများသည် မေလ ၄-ရက်နေ့တွင် ပထမဦးဆုံး စည်းဝေးလှည့်လည် ဆန္ဒပြကြ၏၊ ပြတ်ပြတ်သားသားကန့်ကွက်ခဲ့ကြ၏၊မြောက်ပိုင်းစစ်ဘုရင် အစိုးရသည် ၎င်းလှည့်လည်ဆန္ဒပြပွဲကို နှိပ်ကွပ်ပြီး ကျောင်းသားပေါင်း (၃၀)ကျော်ကို ဖမ်းဆီးခဲ့၏၊ သို့ဖြင့် ပီကင်းမြို့ရှိ ကျောင်းသူကျောင်းသားများက သပိတ်မှောက် ကန့်ကွက်ကြသည်၊ ဒေသအသီးသီးရှိ ကျောင်းသားမျာ ကလည်း ရှေ့ဆင့်နောက်ဆက် ထောက်ခံအားပေးခဲ့ကြသည်၊ ဇွန်လ ၃-ရက်နေ့မှစ၍ မြောက်ပိုင်းစစ်ဘုရင် အစိုးရသည် ပီကင်းမြို့တွင် တဖန် ပိုမိုများပြားစွာ ဖမ်း

အိုးပြန်ရာ၊ နှစ်ရက်အတွင်း ကျောင်းသားပေါင်း တထောင်ခန့် အဖမ်းခံရ၏၊ ဇွန်လ ၃-ရက်နေ့ အရေးအခင်းကြောင့် တပြည်လုံးရှိ ပြည်သူတို့သည် ပို၍ပင် ဒေါသအမျက် ချောင်းချောင်းထွက်ခဲ့ကြလေသည်၊ ဇွန်လ ၅-ရက်နေ့မှစ၍ ရှန်ဟဲမြို့နှင့် အခြားဒေသ အမြောက်အမြားရှိ အလုပ်သမားများက ရှေ့ဆင့်နောက်ဆက် သပိတ်မှောက်ကြ၏၊ ကုန်သည်များကလည်း ရှေ့ဆင့်နောက်ဆင့် ဈေးသပိတ်မှောက်ကြသည်၊ အဓိကအားဖြင့် ပညာတတ်များ ပါဝင်ကြသည့် မူလရှိရင်း ပြည်ချစ်လှုပ်ရှားမှုသည် ထိုအချိန်မှစ၍ ပစ္စည်းမဲ့လူတန်းစား မနေရှင်ပေါက်စ လူတန်းစားနှင့် မနေရှင်လူတန်းစားများ ပါဝင်လာကြသော ပြည်ချစ်လှုပ်ရှားမှုကြီး ဖြစ်လျက် တပြည်လုံးတွင် အနှံ့အပြား ဖြစ်ပေါ်ခဲ့ပေသည်၊ ယင်းပြည်ချစ်လှုပ်ရှားမှုကြီးပြန့်ပွါးလာသည်နှင့်အမျှ "မေလ ၄-ရက်နေ့" မတိုင်မီက လှုံ့ဆော်ဖြစ်ပွါးခဲ့သော ပဒေသရာဇ် ဆန့်ကျင်ရေး ဝိဇ္ဇာပညာနှင့် ဒီမိုကရေစီကို ရပ်ခံအားပေးရေးဖြစ်သော ယဉ်ကျေးမှုသစ် လှုပ်ရှားမှုသည်လည်း မာ့က်စ်လီနင်ဝါဒ ဖြန့်ချီရေးကို အဓိကရေစီးကြောင်းအဖြစ်ထားသည့် အတိုင်းအတာကျယ်ပြန့်သော ယဉ်ကျေးမှု တော်လှန်ရေး လှုပ်ရှားမှုကြီးအဖြစ်သို့ ဖြစ်ပေါ်ပြန့်ပွါးလာခဲ့ပေသည်။

(၁၀) ဝူဆုံန်သည် "ဆွေဟုကျမ့်"ခေါ် ကျော်ကြားသော တရုပ်ဝတ္ထုမှ သူရဲကောင်းတယောက်ဖြစ်သည်၊ ချင်ယန်

ခင်တန်းကလေးတွင် ကျောင်းတကောင်ကို သူရိုက်သတ်ခဲ့၏၊ ယင်းအဖြစ်အပျက်ကို တရုပ်ပြည်တွင် လူအမြောက်အမြား သိရှိကြသည်။

(၁၁) လယ်ယာလုပ်ငန်းကို ဆိုရှယ်လစ်စနစ်အရ ထွန်းကားရေးနှင့် နိုင်ငံတော်စက်မှုထွန်းကားရေးတို့၏ ဆက်သွယ်မှုပြဿနာကို ၁၉၅၅-ခုနှစ် ဇူလိုင်လ ၃၁-ရက်နေ့တွင်ကျင်းပသော တရုပ်ပြည် ကွန်မြူနစ်ပါတီပြည်နယ် မြို့မှနှင့် ဒေသဆိုင်ရာ ကော်မီတီအတွင်းရေးမှူးများ၏ အစည်းအဝေး၌ ရဲဘော်မော်စီတုံးတင်သွင်းခဲ့သည့် "လယ်ယာစိုက်ပျိုးရေး သမဝါယမ ပြဿနာ" အစီရင်ခံစာအပိုဒ် (၇) နှင့် အပိုဒ် (၈)တွင်ရှုပါ၊ ယင်းအစီရင်ခံစာတွင် ရဲဘော်မော်စီတုံးက ဆိုဗီယက်ပြည်ထောင်စု၏ အတွေ့အကြုံနှင့် ကျွန်ုပ်တို့၏ လက်တွေ့များအရ လယ်ယာလုပ်ငန်းကို ဆိုရှယ်လစ်စနစ်အရထွန်းကားရေးခြေလှမ်းသည် စက်မှုလုပ်ငန်းကို ဆိုရှယ်လစ်စနစ်အရ ထွန်းကားရေးခြေလှမ်းနှင့် ကိုက်ညီရမည်ဟူသည့် ပြဿနာကို တင်ပြခဲ့၍ သဘောတရားအားဖြင့် များစွာပင် တိုးပွါးစေခဲ့ပေသည်။

(၁၂) ၁၉၂၇-ခုနှစ်တွင် ဆွန်ယက်ဆင်သည် တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ကူညီမှုဖြင့် ကိုမင်တန်အား ပြင်ဆင်ဖွဲ့စည်းရန် ကိုမင်တန်နှင့် ကွန်မြူနစ်ပါတီ ပူးပေါင်းလုပ်ဆောင်ရန် ကိုမင်တန်ထဲတွင် ကွန်မြူနစ်များ ပါဝင်ခွင့်

ပြုရန်တို့ကို ဆုံးဖြတ်ခဲ့သည်၊ ထို့ပြင် ၁၉၂၄-ခုနှစ် ဇန်နဝါရီလ၌ ကွမ်ကြိုးမြို့တွင်ကျင်းပသော ကိုမင်တန် ပထမအကြိမ် ပြည်လုံးဆိုင်ရာ ညီလာခံတွင် ရုရှားနှင့် ပူးပေါင်းရေး၊ ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရေး၊ လယ်သမားအလုပ်သမားများအား အကူအညီပေးရေး စသော ပေါ်လစီကြီးသုံးရပ်ကို ချမှတ်ခဲ့၏၊ ထိုအခါက ရဲဘော်မော်စီတုံးနှင့် လီတာကျောက်၊ လင်ပက်ချီ၊ ကို ချူပိုင်စသော ရဲဘော်များသည် ထိုညီလာခံသို့ တက် ရောက်ခဲ့၏၊ ကိုမင်တန်အား တော်လှန်သောလမ်းသို့ ချီ တက်ဖို့ ကူညီရာတွင် သူတို့သည် ကြီးမားသောအခန်းမှ ပါဝင်ခဲ့၏၊ သူတို့သည် ထိုစဉ်က ကိုမင်တန် ဗဟိုအမှု ဆောင် ကော်မီတီများနှင့် အရံကော်မီတီများအဖြစ် အရွေးခံရလေသည်။

(၁၃) ၎င်းမှာ ချူစီက "ကြံယုံ"အမည်ရှိ ဆောင်းပါး အခန်း(၁၃) ရှင်းချက်တွင် ရေးသားပြောဆိုခဲ့သော စကားများပင်ဖြစ်သည်။

—

မော်စီတုံး လက်ရွေးစဉ်

စတုတ္ထတွဲ ၁

ရန်ကျော် မြန်မာပြန်ဆိုသည်

တအုပ် ၂-ကျပ်။